ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 29 June 2025 ၁၁၈၆၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂၈**

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ၏ ဖိတ်ကြားချက်အရ ယနေ့နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ ဆက်လက်ထွက်ခွာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား Buryatia ပြည်နယ် Ulan-Ude မြို့ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ယနေ့ ဖတ်စရာ


နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ — စာမျက်နှာ » ၆

နောက်ဆုတ်လို့မရတဲ့စစ် — ဆောင်းပါး စာမျက်နှာ » ၈

ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့်အတူ ပြည်တွင်းစက်သုံးဆီဈေးနှုန်း မြင့်တက်သော်လည်း စက်သုံးဆီ အလုံအလောက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင် — စာမျက်နှာ » ၁၁

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ — စာမျက်နှာ » ၁၂

ကြေးမုံ

# နိုင်ငံသားများအားလုံးညီညွတ်မှုဖြင့် ရည်မှန်းချက်အခိုင်အမာဖော်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းကြောင့် လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်ကိုစတင်တာဝန်ယူသည့်အချိန်မှစ၍ ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အတိအလင်းပြောကြားထားသောကြောင့်လည်းကောင်း ယခုနှစ်အကုန်နှင့် လာမည့်နှစ်အစတွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။

ရွေးကောက်ပွဲသည် ပြည်သူများ၏ဆန္ဒဖြစ်၍ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို သင်ခန်းစာယူ၍ ယခုအခါ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ မူလရည်မှန်းထားသည့်အတိုင်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ပြည်သူကရွေးကောက်တင်မြှောက်သည့် အစိုးရတစ်ရပ်ကို နိုင်ငံတော်အာဏာ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေးသည် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေပေါ်တွင် မူတည်သည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် ဥပဒေနှင့်အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာပြီး နိုင်ငံတည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အန္တိမရည်မှန်းချက်တွင်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် "ပြည်ထောင်စုနိုင်ငံ"ထူထောင်ရေးကို ချမှတ်ထားသည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေခံစားခြင်းဖြစ်သည်။ တစ်နည်းဆိုလျှင် ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများနှင့် လူမျိုးစုများ စုစည်းလုပ်ကိုင်ရာမှ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း နှင့် မျှဝေခံစားခြင်းဖြစ်သည်။ ဖက်ဒရယ်အခွင့်အရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို တွေ့နိုင်သည်။ သမိုင်းကြောင်းအခြေအနေအရ တိုင်းရင်းသားအခွင့်အရေးများ၊ နိုင်ငံရေးအရတောင်းဆိုမှုများအား ပြင်ဆင်ရန်လိုအပ်သည်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရနှင့် တပ်မတော်က ပြင်ဆင်ပေးသွားမည်ဟု သိရသည်။

လက်နက်စွဲကိုင်ပြီး လိုချင်သည်များကို တောင်းဆိုခြင်း၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာဖြင့် မိမိတို့၏ဆန္ဒကိုသာ ရှေ့တန်းတင် ဦးစားပေးဖန်တီးလုပ်ဆောင်မှုများသည် ဒီမိုကရေစီနှင့်သွေဖည်နေပြီး မှန်ကန်သည့် လုပ်ငန်းစဉ်မဟုတ်ကြောင်း အလေးအနက်သတိပြုရမည်ဖြစ်သည်။ ငြိမ်းချမ်းသော လုပ်ငန်း စဉ်သည် မိမိတို့လိုလားချက်များကို လွှတ်တော်အသီးသီးတွင် ဆွေးနွေးဆုံးဖြတ် ရယူခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံများကို လေ့လာခြင်းသည် သင်ခန်းစာယူရန်ဖြစ်ပြီး ပုံတူကူးချရန်မဟုတ်ပေ။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှု စရိုက်လက္ခဏာ၊ ဓလေ့ ထုံးတမ်းအစဉ်အလာများနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာများဦးစီးဦးဆောင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၅ ဖွင့်ပွဲအခမ်းအနားတွင် "ကျွန်တော်တို့အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး သဘောထားကွဲလွဲမှုတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့လည်း ကိုယ်စီလိုလားချက်တွေကို လက်နက်ကိုင်တဲ့လမ်းစဉ်နဲ့ တောင်းဆိုနေကြတာကတော့ မှားယွင်းတဲ့လမ်းစဉ်ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းကြမှသာ အမှန်ကန်ဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ မိမိတို့ရဲ့ လိုလားချက်တွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ဖို့အတွက် အားပေးဆောင်ရွက်သွားကြဖို့ ပြောကြားလိုပါတယ်။ ဒါမှသာ ကျွန်တော်တို့တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီနဲ့ ကျွန်တော်တို့ ရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ဆန္ဒသည် နိုင်ငံတော်၏ မျှော်မှန်းချက်ဖြစ်ရာ နိုင်ငံတော်၏ မျှော်မှန်းချက် ရှေ့လုပ်ငန်းစဉ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး တက်ညီလက်ညီဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

**၂၈-၆-၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ ဈေးနှုန်းမှာ ငွေကျပ် ၅၈၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ




## ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၈

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်းတို့၌ ဇွန် ၃၀ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ✻ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ✻ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ✻ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ✻ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ✻ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ✻ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေးဆောင်ရွက်ထားပါရန်၊
- ✻ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ✻ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ✻ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင် ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ✻ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး(၁)Mr. Lukashevich Sergey Vladimirovich၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

❂ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး(၁)Mr. Lukashevich Sergey Vladimirovich၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် Buryatia ပြည်နယ်၊ Ulan-Ude မြို့ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် တာဝန်ရှိသူများက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၂၈**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၄ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၉-၆-၂၀၂၅ ရက်နေ့မှ ၄-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇွန် ၂၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညစာစားပွဲ နေရာသို့ရောက်ရှိကြရာ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ၊ ဒုတိယပြည်နယ်အကြီးအကဲနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ညစာစားပွဲကို စတင်ကျင်းပပြုလုပ်ရာ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား Buryatia ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာကြိုဆိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် နေရာဒေသချင်း အလှမ်းကွာဝေးသော်လည်း ရင်ဘတ်ချင်းနီးကြပါကြောင်း၊ ကိုးကွယ်ရာဘာသာတရားချင်းလည်းတူညီမှုရှိကြပြီး အခြေခံဘာသာတရားတူညီနီးစပ်မှုမှအစပြု၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့ Buryatia ပြည်နယ်သို့ လာရောက်မှုအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် မိမိအနေဖြင့် Buryatia ပြည်နယ်သို့ တတိယအကြိမ်မြောက်ရောက်ရှိခြင်းဖြစ်ပြီး သာယာလှပသည့် Buryatia ပြည်နယ်သို့

**စာမျက်နှာ ၅ သို့ ✪**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ၏ ဇနီးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

- ✩ မိမိတို့အနေဖြင့် နေရာဒေသချင်း အလှမ်းကွာဝေးသော်လည်း ရင်ဘတ်ချင်းနီးကြ
- ✩ ကိုးကွယ်ရာဘာသာတရားချင်းလည်းတူညီမှုရှိကြပြီး အခြေခံဘာသာတရားတူညီနီးစပ်မှုမှအစပြု၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိ
- ✩ ယခုကဲ့သို့ မိမိတို့ Buryatia ပြည်နယ်သို့ လာရောက်မှုအတွက်များစွာ ဂုဏ်ယူဝမ်းမြောက်မိ

Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ
H.E.Mr. Alexey Sambuevich Tsydenov

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ရိုးရာအကအလှအဖွဲ့များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

✪ စာမျက်နှာ ၄ မှ

ရောက်ရှိသည့်အချိန်တိုင်း စိတ်ချမ်းသာမိပါကြောင်း၊ ဗုဒ္ဓဘာသာကို အများစုကိုးကွယ်သည့် ပြည်နယ်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် စိတ်သဘောထားချင်း ပိုမိုတိုက်ဆိုင်မှုရှိကြောင်း၊ ဘာသာရေးဆိုင်ရာ ကူးလူးဆက်ဆံဆောင်ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ် ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်တစ်ခုနီးပါးရှိပြီဖြစ်ကြောင်း။

ဘာသာရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်မှုများအပြင် သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်တို့ Buryatia ပြည်နယ်အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်အတူ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေးအစရှိသည့် နယ်ပယ်ကဏ္ဍ အသီးသီးတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲနှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး ကျန်းမာချမ်းသာ၍ အဆင်ပြေချောမွေ့ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲနှင့် တာဝန်ရှိသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း Buryatia ပြည်နယ်အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲတို့သည်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဇနီးနှင့် ပြည်နယ်အကြီးအကဲတို့၏ ဇနီးသည်လည်းကောင်း အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဘာသာရေးဆိုင်ရာဆက်ဆံဆောင်ရွက်မှုများအပြင် သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်တို့ Buryatia ပြည်နယ်အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်အတူ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေး အစရှိသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ



**ရန်ကုန် ဇွန် ၂၈**

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယ မင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက ဆောင်ရွက်တော်မူသည်။

ထို့နောက် ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ်အဂ္ဂမဟာပဏ္ဍိတဒေါက်တာ ဘဒ္ဒန္တသူရိယက လည်းကောင်း ဝေဖန် ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ လှူဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၃၃၀ ကို ဆရာတော်ကြီးများကိုယ်စား သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အစည်းအဝေးကို ရပ်နားလိုက်သည်။



မွန်းလွဲပိုင်းတွင် ဒုတိယအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝေဠုရိယက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက အတည်ပြုချက်ရယူပြီး အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက ဒွေစတ္တာလီသတိမ(၄၂) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

## အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သတ်မှတ်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ် ၁၇ မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံ(ဂန္ဓီဆေးရုံ)၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်လတ်မြို့နယ်၌ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းပွဲ ကျင်းပ

**ကျိုက်လတ် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၆ ရက် နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲဝင်းက ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ တာဝန်ယူကောက်ခံနေသော အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အချက်များ၊ အခွန်အကြောင်း သိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ ကြည့်ရှုအားပေး

**ပုသိမ် ဇွန် ၂၈**

တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့ နံနက်ပိုင်းက ညောင်တုန်း၊ ပန်းတနော်၊ မအူပင်မြို့တို့ရှိ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို ကြည့်ရှုအားပေးကြသည်။



ပန်းတနော်မြို့ ဦးသန့်စာကြည့်တိုက်၌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် မှန်နန်းရာဇဝင်စာအုပ်များအား ပေးအပ်လှူဒါန်းစဉ်။

**ကြည့်ရှုအားပေး**

ဦးစွာ ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ဆားမလောက်ကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာသို့ရောက်ရှိပြီး တောင်သူများ မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချသရုပ်ပြပွဲကို ကြည့်ရှုအားပေးကာ ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆားမလောက်ရွာ၊ သက်ရင်းကျောင်းရွာ၊ ဇီးဖြူကျွန်းရွာ၊ ဝါးတောရွာ၊ ထူးချောင်းရွာတို့မှ တောင်သူများအား မျိုးစေ့ချကိရိယာနှင့် MRTV DTH စလောင်းများကို ပေးအပ်ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တောင်သူများအား ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းရှိ လူမှုအသိုက်အဝန်းများ အား တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းများ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း၊ တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းဆိုသည်မှာ ဘေးကင်းလုံခြုံမှု၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာတိုးတက်မှု၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းမွန်မှု၊ သဘာဝ ဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိမှု အစရှိသည့် ကောင်းမွန်တိုးတက်သည့် လူ့အသိုက်အဝန်းများဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်း၊ ရောဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးမှစ၍ ကဏ္ဍပေါင်းစုံ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်နေသည်ကို တွေ့ရ၍ ဝမ်းမြောက်ပါကြောင်းနှင့် ဒေသခံပြည်သူများ အနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကူညီကြပါရန် ဆွေးနွေးပြောကြားသည်။ ထို့နောက် ညောင်တုန်းမြို့နယ်ရှိ အာရှသားငါးမွေးမြူရေးကုမ္ပဏီကို ရောက်ရှိကာ ရေချိုပုစွန်၊ ငါးမျိုးစုံနှင့် ဘက်စုံမွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုကာ အသား၊ ငါး ထုတ်လုပ်မှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မအူပင်မြို့နယ် အလန်းအုပ်ကျေးရွာရှိ စိုင်းသီဟ အသားတိုးကြက် မွေးမြူရေး လုပ်ငန်းသို့ရောက်ရှိကာ အသားတိုးကြက်များ မွေးမြူထားရှိနေမှုကို ကြည့်ရှုအားပေးသည်။ စိုင်းသီဟအသားတိုးကြက် မွေးမြူရေးခြံကို ၂၀၁၅ ခုနှစ်က အသားတိုးကြက်ကောင်ရေ ၁၂၀၀၀ ခန့်ဖြင့် စတင်မွေးမြူလုပ်ကိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှစတင်၍ အသားတိုးကြက်ကောင်ရေ ၂၄၀၀၀ အထိ တိုးချဲ့မွေးမြူလုပ်ကိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် အအေးခန်းအသားတိုးကြက်ခြံများအဖြစ်သို့ ပြောင်းလဲပြီး ကြက်ကောင်ရေ ၁၅၅၀၀၀ ခန့်ဖြင့် ယနေ့တိုင်မွေးမြူလျက်ရှိကာ ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု၊ ထနီးကျေးရွာအုပ်စု ရန်ကုန်-ပုသိမ် အမြန်ကားလမ်းမကြီး ဘေးရှိ ရွှေနဂါးမင်းကုမ္ပဏီသို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးဇော်မင်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မအူပင် Polytechnic တက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ် ပါမောက္ခချုပ်ထံ MRTV DTH စလောင်းတစ်စုံ ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ မင်္ဂလာစာကြည့်တိုက်၌ စာပေလေ့လာဖတ်ရှုနေကြသည့် ကလေးငယ်များအား မေးမြန်းအားပေးစကားပြောကြားစဉ်။

ဆက်လက်၍ မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ မင်္ဂလာစာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးက အလှူငွေကျပ် ၁၀ သိန်း၊ MRTV DTH စလောင်း သုံးစုံ၊ လူထုသိပ္ပံကျမ်းများနှင့် သုတ၊ ရသ စာအုပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေကျပ် ၁၀ သိန်း ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံ ဒေါ်ဟေမာစာရီက လက်ခံရယူသည်။

**ထုတ်လုပ်တင်ပို့နိုင်ခဲ့**

ထို့နောက် ပန်းတနော်မြို့နယ်ရှိ ဝက်ကောင်ရေ ၆၅၀၀ ခန့်ရှိ ထူးထက်ဟန်ကုမ္ပဏီ အသားတိုးဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုကာ အသားထုတ်လုပ်မှု စနစ်တကျ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးသည်။ အဆိုပါမွေးမြူရေးခြံကို ၂၀၂၂ ခုနှစ်မှစတင်၍ မွေးမြူထုတ်လုပ်ခဲ့ရာ ယခု ၂၀၂၅ ခုနှစ်တွင် ဝက်သားပိဿာချိန် ၁၈ ဒသမ ၅၄ သိန်းကို ထုတ်လုပ်နိုင်ခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် တိုင်းဒေသကြီး ပြင်ပသို့ ထုတ်လုပ်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပန်းတနော်မြို့ ဦးသန့်စာကြည့်တိုက်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုကလှူဒါန်းသည့် မှန်နန်းရာဇဝင် စာအုပ်များကို လည်းကောင်း၊ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလှူငွေကျပ် ၁၀ သိန်း၊ MRTV DTH စလောင်းနှစ်စုံ၊ လူထုသိပ္ပံကျမ်းများနှင့် သုတ၊ ရသ စာအုပ်များကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးတင်စိုးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ဒက္ခိဏသီရိမြို့နယ် အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ပျဉ်ထောင်ကျေးရွာ၌ အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ စာကြည့်တိုက်အား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက အမှာစကားပြောကြားပြီး စာကြည့်တိုက် ဆိုင်ရာ အချက်အလက်များအား မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးနိုင်ဝင်းထံသို့ လွှဲပြောင်းပေးအပ်ကာ စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာလှူဒါန်းပေးသည့် အလှူရှင် ဦးလှဦးအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့နောက် နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အလင်းရောင်စာကြည့်တိုက်အတွက် စာကြည့်တိုက် မတည်ငွေများနှင့် စာအုပ်စာစောင်များကိုလည်း ကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က စာအုပ်၊ စာစောင်များကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စာအုပ်စာပေလေ့လာဖတ်ရှုနေမှုနှင့် စာအုပ်စာစောင်များထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# နောက်ဆုတ်လို့မရတဲ့စစ်

## နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

**ဒီနေ့ခေတ်မှာ နိုင်ငံတစ်နိုင်ငံကို စစ်စတင်တိုက်ခိုက်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ လွယ်တာမဟုတ်ဘူးဆိုတာ အင်အားကြီးတိုင်း စစ်တိုက်လို့ရတာမဟုတ်ဘူး။ ကိုယ့်ဘက်က စတင်တိုက်ခိုက်တာ မှန်ကြောင်းပြဖို့လိုတယ်။ နိုင်ငံတကာက လက်ခံဖို့လိုတယ်။ လူထုက ကိုယ့်ဘက်ပါဖို့လိုတယ်။ သမိုင်းအထောက်အထား ကျန်ခဲ့ဖို့လိုတယ်။ မဟုတ်ရင် ကျူးကျော်သူ၊ လူဆိုး၊ လူမိုက်နိုင်ငံဖြစ်သွားမှာပေါ့။**

ဒါကြောင့် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး နောက်ပိုင်း တစ်နိုင်ငံကတစ်နိုင်ငံကို စစ်တိုက်တဲ့အခါ မတိုက်ခင် အချက်အလက်တွေ စုဆောင်းရတယ်။ မဟာမိတ်တွေ ရှာဖွေ ရတယ်။ သူ့အလွန်ကို စောင့်ရတယ်။ တိုက်မယ့်နိုင်ငံကို လူဆိုးဖြစ်အောင် လုပ်ရတယ်။ သူက စတိုက်လာအောင်ဆွပေးရတယ်။ သူက စမတိုက်ရင်တော့ ကိုယ်ကသွားတိုက်ပေါ့။ လုံခြုံရေးအကြောင်းပြပေါ့။ ငြိမ်းချမ်းရေးအကြောင်းပြပေါ့။ ဒီလိုနဲ့ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း ကမ္ဘာကြီးမှာ နိုင်ငံအချင်းချင်း စစ်ပွဲများစွာဖြစ်ခဲ့တယ်။ အခုဆို ၂၀၂၅ ခုနှစ်တောင် နှစ်တစ်ဝက်ကျိုးခဲ့ပြီ။ နိုင်ငံအချင်းချင်း စစ်တွေက ဖြစ်နေတုန်းပဲ။ အခုဆို အစ္စရေးနဲ့အီရန် စစ်ဖြစ်တဲ့သတင်းက ကမ္ဘာ့သတင်းတိုင်းမှာ နေရာယူထားတယ်။

### သမိုင်းကိုလေ့လာရင်တော့ ရေးရေးအဖြေပေါ်

ဒီနေ့ခေတ် လူငယ်တွေက ဘာကြောင့်စစ်ပွဲတွေဖြစ်နေမှန်း နားမလည်ကြဘူး။ ဘာကြောင့် စစ်ဖြစ်ချင်နေကြတာလဲပေါ့။ ဘာကြောင့် စစ်ကို မတားဆီးနိုင်သလဲပေါ့။ သူတို့မှာ အဖြေမရှိသလို ဘယ်သူ့ဆီမှာမှ အဖြေမရှိဘူး။ သမိုင်းကိုလေ့လာရင်တော့ ရေးရေးအဖြေပေါ်လိမ့်မယ်။ ဒီကမ္ဘာမှာ အနောက်နိုင်ငံတွေနဲ့ ထိပ်တိုက်တိုးမိရင် အနည်းနဲ့အများ စစ်ဆိုတာဆီ ဦးတည်သွားလေ့ရှိတယ်။ ထိပ်တိုက်တိုးတယ်ဆိုတာ သာမန်အဆင်မပြေဖြစ်တာ၊ ရန်ဖြစ်တာလောက်ကို ပြောတာမဟုတ်ဘူး။ နိုင်ငံရေးစနစ်ကွဲပြားတာ၊ သူတို့လုံခြုံရေးခြိမ်းခြောက်တာ၊ နောက်ဆုံး သူတို့ထက်သာသွားမယ့်အခြေအနေရှိတယ်ဆိုရင် စစ်ဆိုတာဖြစ်မှာပဲ။ အခု မဖြစ်လည်း နောင်ဖြစ်မှာပဲ။ ကိုယ့်ဘက်ကသာ မပြောင်းလဲဘူးဆိုရင်ပေါ့။ အပြောင်းအလဲ လုပ်ချင်လုပ်၊ မလုပ်ရင်တော့ ဝိုင်းပယ်ပိတ်ဆို့ခြင်းခံရမယ်။

အမေရိကန်က ပိတ်ဆို့ပြီဆိုတာနဲ့ ဥရောပလည်း ပိတ်ဆို့ပြီပဲ။ အမေရိကန်၊ ဥရောပဆိုတာနဲ့ အနောက်ကမ္ဘာတစ်ခုလုံးပါပြီပဲ။ အနောက်နိုင်ငံတွေ သဲသဲမဲမဲဖြစ်ပြီဆိုတာနဲ့ ဂျပန်တို့၊ ကိုရီးယားတို့လို အမေရိကန်မဟာမိတ်တွေက ပါလာမှာပဲ။ အာရှက ကြားနေသလို ပါးနပ်တဲ့နိုင်ငံတွေလည်း ပါလာမှာပဲ။ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအဖွဲ့တွေကလည်း အနောက်အုပ်စုက ဘာမှမပြောခင်ကို အရိပ်ပြအကောင်မြင် သံစုံတီးဝိုင်းလို အသံထွက်လာမှာပဲ။

အနောက်ရဲ့ဗျူဟာက သူတို့နဲ့အဆင်မပြေဘူးဆိုရင် ပိတ်ဆို့ဖယ်ကြဉ်မှုတွေကနေ အားနည်းအောင်လုပ်မယ်။ အတိုက်အခံတွေကို အကူအညီပေးမယ်။ အလိုအလျောက် အတွင်းကနေပြိုကွဲသွားအောင်လုပ်မယ်။ မဟုတ်ဘဲ သူတို့ပိတ်ဆို့တဲ့ကြားက တိုးတက်လာပြီ၊ အောင်မြင်လာပြီဆိုရင် နေရာဒေသနဲ့ နိုင်ငံအနေအထားပေါ်ကြည့်ပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်ထိန်းချုပ်ဖို့ ကြိုးစားလိမ့်မယ်။ အခု အီရန်လိုမျိုးပေါ့။ အီရန်ကို အနောက်နိုင်ငံတွေက ဝိုင်းဝန်းပိတ်ဆို့တာ ကြာလှပြီ။ အမေရိကန်က ခြောက်လိုက်၊ ဥရောပက ချော့လိုက်နဲ့ အီရန်မှာ အပြောင်းအလဲတွေဖြစ်အောင် ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ဒီကြားထဲကပဲ အီရန်က ဆက်ပြီး တိုးတက်လာနေခဲ့တယ်။ အနည်းဆုံး လက်နက်အင်အား ကြီးမားလာတယ်ပေါ့။ ဒေသတွင်းက လက်နက်ကိုင်အုပ်စုတွေကို ထောက်ပံ့ပေးနိုင်တဲ့အထိ အင်အားကောင်းလာတယ်။ နောက်ကွယ်မှာ နိုင်ငံကြီးတချို့ကလည်း အီရန်ကို အကူအညီပေးတာ ရှိနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ ဆိုတာ အဲဒီနိုင်ငံရဲ့ ကိုယ်တိုင်စွမ်းဆောင်မှု မပါဘဲ မဖြစ်နိုင်ပါဘူး။

မြောက်ကိုရီးယားနိုင်ငံကလည်း ဘယ်နိုင်ငံတွေက ဘယ်လိုပဲအကူအညီပေးတယ် ပြောပါစေ၊ သူတို့ကိုယ်တိုင် စွမ်းဆောင်နိုင်လို့သာ လက်နက်နိုင်ငံတော်အဖြစ်တည်ဆောက်နိုင်တာ ဖြစ်ပါတယ်။ မဟုတ်ရင် အချို့အာဖရိကနိုင်ငံတွေလို အကူအညီပဲမျှော်တဲ့လက်ဝေခံနိုင်ငံတွေ ဖြစ်သွားမှာပေါ့။ ဒါကြောင့် အီရန်နိုင်ငံ တဖြည်းဖြည်းတိုးတက်လာတာကို အမေရိကန်က စိုးရိမ်ပါတယ်။ ရန်ဖြစ်ထားတဲ့ နိုင်ငံလေ။ နျူကလီးယားလက်နက်ကလည်း ပိုင်ဆိုင်တော့မယ်။ ဆိုတော့ မဖြစ်မနေတားဆီးဖို့လိုလာပါပြီ။ မဖြစ်မနေထိန်းချုပ်ဖို့လိုလာပါပြီ။

**❛ အနောက်ရဲ့ဗျူဟာက သူတို့နဲ့အဆင်မပြေဘူးဆိုရင် ပိတ်ဆို့ဖယ်ကြဉ်မှုတွေကနေ အားနည်းအောင်လုပ်မယ်။ အတိုက်အခံတွေကို အကူအညီပေးမယ်။ အလိုအလျောက် အတွင်းကနေပြိုကွဲသွားအောင်လုပ်မယ်။ မဟုတ်ဘဲ သူတို့ပိတ်ဆို့တဲ့ကြားက တိုးတက်လာပြီ၊ အောင်မြင်လာပြီဆိုရင် နေရာဒေသနဲ့ နိုင်ငံအနေအထားပေါ်ကြည့်ပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်ထိန်းချုပ်ဖို့ ကြိုးစားလိမ့်မယ်။ အခု အီရန်လိုမျိုးပေါ့။ အီရန်ကို အနောက်နိုင်ငံတွေက ဝိုင်းဝန်းပိတ်ဆို့တာ ကြာလှပြီ။ အမေရိကန်က ခြောက်လိုက်၊ ဥရောပက ချော့လိုက်နဲ့ အီရန်မှာ အပြောင်းအလဲတွေ ဖြစ်အောင် ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ဒီကြားထဲကပဲ အီရန်က ဆက်ပြီးတိုးတက်လာနေခဲ့တယ်။ အနည်းဆုံး လက်နက်အင်အား ကြီးမားလာတယ်ပေါ့။ ဒေသတွင်းက လက်နက်ကိုင်အုပ်စုတွေကို ထောက်ပံ့ပေးနိုင်တဲ့အထိ အင်အားကောင်းလာတယ်။ နောက်ကွယ်မှာ နိုင်ငံကြီးတချို့ကလည်း အီရန်ကို အကူအညီပေးတာ ရှိနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုတာ အဲဒီနိုင်ငံရဲ့ ကိုယ်တိုင်စွမ်းဆောင်မှုမပါဘဲ မဖြစ်နိုင်ပါဘူး ❜**

အီရန်ကို အစ္စရေးက စတင်တိုက်ခိုက်ခြင်းက နျူကလီးယားလက်နက် အကြောင်းပြချက်နဲ့ ဖြစ်တယ်။ စစ်စတင်ဖို့ အကြောင်းအရာတစ်ခုခု ပြသဖို့လိုတယ်။ စိတ်ဝင်စားစရာကောင်းတာက အမေရိကန်နိုင်ငံ အမျိုးသားထောက်လှမ်းရေး အကြီးအကဲ Tulsi Gabbard က ပြီးခဲ့တဲ့ မတ်လကြားနာပွဲတစ်ခုမှာ အီရန်ဟာ နျူကလီးယား လက်နက်ထုတ်လုပ်မနေပါဘူး၊ ထုတ်လုပ်ဖို့အစီအစဉ်မရှိဘူးဆိုပြီး ကွန်ဂရက်မှာထွက်ဆိုတယ်။ အခု ထရမ့်က အီရန်နျူကလီးယားလက်နက်အကြောင်းပြပြီး အစ္စရေးဘက်ကနေ စစ်ထဲဝင်မယ် အသံပြုတယ်။

မီဒီယာတွေက ထရမ့်ကို သမ္မတကြီးရဲ့ ထောက်လှမ်းရေးအကြီးအကဲက လွန်ခဲ့တဲ့ မတ်လတုန်းက လွှတ်တော်မှာ အီရန်က နျူကလီးယား လက်နက်ထုတ်လုပ်မနေပါဘူးလို့ အစီရင်ခံခဲ့တာကို ဘယ်လိုမြင်သလဲမေးတော့ ထရမ့်က "သူပြောတာ ငါဂရုမစိုက်ဘူး" (I don't care what she said) လို့ တစ်ခွန်းပဲဖြေတယ်။ အီရန်က နျူကလီးယားလက်နက်ထုတ်လုပ်ဖို့ သိပ်နီးစပ်နေပြီဆိုတာ ထပ်ပြောတယ်။ သဘောက ထရမ့်ဟာ သူလုပ်ချင်ရင်လုပ်မှာပဲ။ နောက်ဆုံး အီရန်က နျူကလီးယားကိစ္စ အလျှော့ပေးမယ်ဆိုလည်း လွန်သွားပါပြီ။

### နိုင်ငံရေးမှာ ရန်ဖြစ်ပြီးရင် ကျေအေးဖို့ဆိုတာ မဖြစ်နိုင်

အချို့ကိစ္စတွေက နိုင်ငံရေးမှာ ရန်ဖြစ်ပြီးရင် ကျေအေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ လူပြောင်းပေးမှသာ ဖြစ်ပါမယ်။ ပြောင်းတဲ့သူကလည်း အနောက်နိုင်ငံတွေအလိုကျ လုပ်ဆောင်ဖို့လိုပါတယ်။ ဒီလိုနဲ့ နိုင်ငံငယ်တွေမှာ အနောက်အုပ်စု လိုလားသူနဲ့ အနောက်အုပ်စုဖိအား အလျှော့မလိုလားသူတွေ နှစ်ခြမ်းကွဲပြီး အတွင်းမှာတင် စစ်တွေဖြစ်၊ မတည်ငြိမ်မအေးချမ်းတာ ဆယ်စုနှစ်များစွာရှိပါပြီ။ အခု အီရန်ကတော့ ပိတ်ဆို့မှုအားလုံးကို ကျော်ဖြတ်ပြီး အင်အားကြီးသထက် ကြီးလာပြီဖြစ်လို့ နောက်ဆုံး စစ်ဆိုတာအထိ ဖြစ်လာတော့တာပါပဲ။ အချို့က လည်း အစ္စရေးနဲ့အမေရိကန်က နျူကလီးယားဆိုတာ အကြောင်းပြတာဖြစ်တယ်။ တကယ်က တိုက်ချင်လို့ကိုတိုက်တာဖြစ်တယ်လို့ ထောက်ပြကြပါတယ်။

အခု အစ္စရေးနဲ့ အီရန် အပြန်အလှန်တိုက်ခိုက်တာ ရက်ကြာလာတော့ အမေရိကန်က သူကိုယ်တိုင်ပါလာတော့မယ်ဆိုပြီး အီရန်ကို ခြိမ်းခြောက်ပါတယ်။ တစ်ဖက်မှာ ဥရောပက အီရန်ကို ဂျီနီဗာမှာ ခေါ်တွေ့ပြီးချော့ပါတယ်။ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီလို အဖွဲ့အစည်းတွေကလည်း ဝင်ရောက်အကဲဖြတ်ကြည့်ရှုခွင့်တောင်းဆိုပါတယ်။ အီရန်က လိုက်လျောပြန်ရင်လည်း အဆုံးအထိ နင်းကြမှာပါပဲ။ နောက်ဆုတ်လို့မရပါဘူး။ ဆုတ်တာနဲ့ တောင်းဆိုမှုတွေ ထပ်လာမှာဖြစ်ပါတယ်။ နောက်ဆုံးအုပ်ချုပ်သူတွေ နန်းစွန့်မယ်၊ သူတို့လိုလားတဲ့သူတွေ တက်လာမယ်ဆိုရင်တော့ ငြိမ်းအေးပါမယ်။ တစ်နိုင်ငံလုံးက တညီတညာတည်း အနောက်ကတင်ပေးတဲ့ အစိုးရသစ်ကိုထောက်ခံရင် အကြောင်းမဟုတ်ပါဘူး။ မဟုတ်ရင် အတွင်းမှာတင် ပြည်တွင်းစစ်က ဖြစ်နေမှာပါပဲ။ အနည်းဆုံးတော့ နိုင်ငံပြိုကွဲသွားတာပေါ့။ အားနည်းသွားတာပေါ့။ အခု လစ်ဗျား၊ အီရတ်၊ ဆီးရီးယားဖြစ်နေတာ တစ်ပုံစံတည်းပါပဲ။ အဲဒီသုံးနိုင်ငံလည်း အနောက်အုပ်စုနဲ့ အဆင်မပြေတော့ စစ်တိုက်တာခံရပါတယ်။

သူတို့အားလုံးကို စစ်မတိုက်ခင် လူဆိုးဖြစ်အောင် ပုံဖော်ပါတယ်။ ပိတ်ဆို့တယ်၊ ဒဏ်ခတ်တယ်၊ အတိုက်အခံတွေကို အကူအညီပေးတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ လှည့်တိုက်တယ်။ နောက်ဆုံးလိုအပ်ရင် ကိုယ်တိုင်ဝင်တိုက်ပါတယ်။ ဒီလိုရေးသားလို့ စစ်အတိုက်ခံရတဲ့ လစ်ဗျားတို့၊ အီရတ်တို့၊ ဆီးရီးယားတို့က အပြစ်မရှိဘူးလို့ ရေးနေတာ မဟုတ်ပါဘူး။ အီရတ်ဆို အိမ်နီးချင်းကူဝိတ်ကို ကျူးကျော်ခဲ့တာရှိခဲ့တယ်။ နောက်ဆုံး အီရတ်မှာ နျူကလီးယားလက်နက်ထုတ်လုပ်ဖို့ ကြိုးစားနေတယ်အကြောင်းပြပြီး အမေရိကန်က အီရတ်ကို စစ်ဝင်တိုက်တာပါပဲ။ လစ်ဗျားနဲ့ ဆီးရီးယားကတော့ အတိုက်အခံတွေကို အကူအညီပေးလိုက်ရုံနဲ့ အစိုးရတွေ အပြောင်းအလဲဖြစ်သွားတယ်။ ပြောချင်တာ အနည်းဆုံး ဒီနိုင်ငံတွေဟာ အချင်းချင်းတိုက်ခိုက်ကြတဲ့ ပြည်တွင်းစစ်ထဲကို နစ်ဆင်းသွားတယ်။ အနောက်နိုင်ငံတွေကို ရန်ပြုဖို့မပြောနဲ့။ အနောက်နိုင်ငံတွေဆီက အကူအညီရအောင် မျက်နှာချိုသွေးရတဲ့ အခြေအနေဖြစ်သွားတယ်။

### အမျိုးမျိုးဖိအားပေးခံရပြီး နောက်ဆုံး စစ်အတိုက်ခံရ

ဒါကြောင့် နိုင်ငံရေးမှာ အချို့ကိစ္စတွေက ဖြစ်ပြီးရင် နောက်ဆုတ်လို့မရဘူး။ မပြတ်မသား လုပ်လို့မရဘူး။ အထူးသဖြင့် အရှေ့အလယ်ပိုင်းလို၊ ဥရောပလို အနောက်နိုင်ငံတွေ အကျိုးစီးပွားရှိတဲ့ နေရာတွေမှာ သူတို့နဲ့အဆင်မပြေတဲ့ နိုင်ငံတွေရှိနေရင် အမျိုးမျိုးဖိအားပေးခံရပြီး နောက်ဆုံး စစ်အတိုက်ခံရမှာပဲ။ အနေးနဲ့ အမြန်ပဲကွာတယ်။ အနောက်နိုင်ငံတွေဟာ သူတို့ကို ခြိမ်းခြောက်လာတဲ့ အထိ မစောင့်ဘူး။ သူတို့ကသာ ခြိမ်းခြောက်နိုင်သူ အနေနဲ့ ရှိချင်တယ်။ အခြားနိုင်ငံတွေ နျူကလီးယား လက်နက် ပိုင်ဆိုင်ခြင်းကို ခွင့်မပြုလိုဘူး။ သူတို့က သာ ပိုင်ဆိုင်လိုတယ်။ အနည်းဆုံး သူတို့ ထီးရိပ် အောက်ကိုခို၊ သူတို့ အကာအကွယ်ပေးမယ်ပေါ့။ သူတို့သာ ကမ္ဘာ့လုံခြုံရေးကို ထိန်းသိမ်းသူတွေ ဖြစ်ချင်တယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို သူတို့သာ စောင့်ရှောက်နိုင်တယ်ပေါ့။ ဒါကလည်း အင်အားကြီးမားလာရင် သူများတွေ ကိုယ့်ထက် အင်အား မကြီးစေချင်တဲ့ လူ့သဘောသဘာဝလည်းဖြစ်တယ်။ ကိုယ်လုပ်သမျှခံ၊ ကိုယ့်ကိုဆရာလာမလုပ်နဲ့ပေါ့။ ကိုယ်ကသာ ပြောသူဖြစ်လိုတယ်။ အပြောခံရသူ မဖြစ်လိုဘူး။ သူများကို လုပ်ထားတော့ ကိုယ့်ကို အလုပ်ခံရမှာ ကြောက်တယ်ပေါ့။

အနောက်နိုင်ငံမှတင် မဟုတ်ဘူး။ နိုင်ငံတကာ ဆက်ဆံရေးမှာ ဘယ်နိုင်ငံမဆို အင်အားကြီးလာရင် လက်ဦးမှုယူချင်တယ်။ **စာမျက်နှာ ၉ သို့** ❂

# ပိုက်ကျော်ခြင်းအားကစားနည်းမှ ပဏာမလက်ရွေးစင်အားကစားသမားများ လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ




နေပြည်တော် ဇွန် ၂၈

ပိုက်ကျော်ခြင်းအားကစားနည်းမှ ပဏာမလက်ရွေးစင် အားကစားသမားများ လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်း လေးယောက်တွဲပြိုင်ပွဲနှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန် YRG ကလပ်အသင်း အားကစားအဖွဲ့အား မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင်းထွန်းတင်က လည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ တွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ အမျိုးသား/အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း ဂုဏ်ပြုဆုငွေများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပဏာမလက်ရွေးစင်အားကစားသမားများ လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် Gold Camp မှအားကစားသမား ၂၄ ဦး၊ Youth Camp မှ အားကစားသမားခြောက်ဦးနှင့် ရန်ကုန် YRG ကလပ်အသင်းမှ အားကစားသမား ၁၈ ဦး စုစုပေါင်း ၄၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲနှင့် ပြည်နယ်ပြေးခုန်ပစ် လက်ရွေးစင်အသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲကျင်းပ



တောင်ကြီး ဇွန် ၂၈

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးနှင့် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတို့တွင် ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဗိုလ်ချုပ်ပန်းခြံ အရှေ့ဘက်ရှိ ပြုပြင်ရန် လိုအပ်လျက်ရှိသည့် ပလက်ဖောင်းများ အမြန်ဆုံးပြန်လည်ပြုပြင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အမျိုးသမီးနှင့်ကလေးဆေးရုံ ဝန်ထမ်းအိမ်ရာအခြေအနေ၊ ခရိုင်နှင့် မြို့နယ်စုပေါင်းရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ မြို့နယ်စည်ပင်သာယာရေးရုံး၌ အမှိုက်စနစ်တကျစွန့်ပစ်နိုင်ရန် အမှိုက်ပုံးများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ အစိုးရအဖွဲ့ရုံးဟောင်းရှိ ဝန်ထမ်းသက်သာဆိုင်ဖွင့်လှစ်ရောင်းချနေမှု၊ ရုံးကြီးလမ်းဟောင်းရှိ ဌာနဆိုင်ရာရုံးများ၌ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲနှင့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြေးခုန်ပစ်လက်ရွေးစင်အသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည့် ပြေးခုန်ပစ် လက်ရွေးစင်အသင်းထံ အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေများကို အုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများထံ ပေးအပ်၍ ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် တောင်ကြီးမြို့နယ်အသင်းနှင့် တာချီလိတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် တောင်ကြီးမြို့နယ်အသင်းက နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိသွားကြောင်းနှင့် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပကာ ပြိုင်ပွဲဝင် အမျိုးသား ၂၃ သင်း၊ အမျိုးသမီးကိုးသင်း စုစုပေါင်း၃၂ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❂ စာမျက်နှာ ၈ မှ

ရှေ့မှာအမြဲအသာရချင်တယ်။ ကိုယ့်လုံခြုံရေး ဦးစားပေးတာပေါ့။ အခု ၂၁ ရာစုမှာ အနောက်နိုင်ငံတွေ အင်အားနည်းလာတဲ့တိုင် ဆင်ပိန်ကျွဲပဲ။ ထရမ့်တက်လာပြီးနောက်ပိုင်း အမေရိကန်ဟာ ဆင်ဖြစ်အောင် ပြန်ပြီးကြိုးပမ်း နေကြတဲ့အချိန်၊ ကျွဲကနေ ဆင်လောက်ဖြစ်လာနေတဲ့နိုင်ငံတွေကို အတင်းပြန်ဆွဲချနေတဲ့အချိန်ဖြစ်တယ်။ အင်အားကြီးတဲ့သူတွေရဲ့ အတွေးအခေါ်၊ အပြုအမူက ဟိုးအရင်ကနဲ့ ဘာမှမပြောင်းလဲဘူး။

အီရန်ဆိုရင် ရုရှားနဲ့ကော၊ တရုတ်နဲ့ကော ရင်းနှီးတယ်။ နှစ်စဉ် သုံးနိုင်ငံ စစ်ရေးပူးတွဲလေ့ကျင့်မှုတွေလုပ်တယ်။ ဆိုတော့ အမေရိကန်က အီရန်ကို ပိုမဲတာပေါ့။ အီရန်ကိုတိုက်ခြင်းဟာ သူ့မဟာမိတ်နိုင်ငံတွေကို ခံရခက်စေတယ်။ အများအမြင်မှာ မဟာမိတ်တွေအနေနဲ့ အရေးအကြောင်းဆို အားမကိုးရဘူးဆိုပြီးဖြစ်စေတယ်။ အမေရိကန်နဲ့ အနောက်နိုင်ငံတွေသာ မတော်တဆပြိုလဲသွားခဲ့ရင်သူတို့နေရာရောက်လာမယ့် အခြားနိုင်ငံကြီးတွေ သူတို့ထက် မဆိုးပါစေနဲ့သာ ဆုတောင်းရမယ်။ နိုင်ငံတကာ ဆက်ဆံရေးဆိုတာ အေးအေးနေချင်လည်း နေလို့ရတာမျိုး မဟုတ်တတ်ဘူး။ တကယ်စစ်ကြီးဖြစ်လာရင် ငါမပါဘူး၊ ကြားနေပါမယ် နေလို့မရတတ်ဘူး။ လျင်တဲ့ နိုင်ငံတွေ၊ လည်တဲ့နိုင်ငံတွေက သူ့ထက်ငါ အင်အားကြီးအောင် အလုအယက် ကြိုးပမ်းနေကြမှာပဲ။ ဒါကြောင့် နိုင်ငံတိုင်းက ကာကွယ်ရေးအတွက်ဆိုပြီး စစ်အင်အားတွေတိုးမြှင့်၊ နောက်ဆုံး အားလုံးက စစ်ပွဲတွေနဲ့ကင်းလို့မရဘူး ဖြစ်လာတယ်။

## ကြီးမားတဲ့စစ်ပွဲတွေဆီ ဦးတည်သွားနိုင်

အခုဆို အမေရိကန်က အီရန်ကို ဖုံးကြဲပြီ။ အီရန်ကလည်း လက်တုံ့ပြန်ပြီး ကာတာနိုင်ငံနဲ့ အီရတ်နိုင်ငံက အမေရိကန်စစ်အခြေစိုက်စခန်းတွေကို ဒုံးကျည်နဲ့ပစ်တယ်လို့ဆိုတယ်။ တစ်ချိန်တည်းမှာ အစ္စရေးနဲ့ အီရန်ကလည်း ဒုံးကျည်တွေနဲ့ အပြန်အလှန်ပစ်ကြတယ်။ အခု အမေရိကန်ကြားဝင်မှုနဲ့ အစ္စရေးနဲ့ အီရန် အပစ်ရပ်တယ် ဖြစ်ပြန်ပြီ။ အခု ဒီဆောင်းပါးအဆုံးသတ်နေတုန်းပဲ အစ္စရေးက အီရန်ကို အပစ်ရပ်ချိုးဖောက်တယ်။ သူ့ဘက်က ပြန်တိုက်မယ်ပြောပြန်တယ်။ အခု အပစ်ရပ်လိုက်ပြန်ပြီ။ သေချာတာက စစ်ရပ်လည်း ခဏပဲ။ ကမ္ဘာကြီးက အစ္စရေး – အီရန် စစ်ပွဲထက် ကြီးမားတဲ့စစ်ပွဲတွေဆီ ဦးတည်သွားနိုင်တယ်။ နေရာအနှံ့ စစ်ရိပ်စစ်ငွေ့သန်းလာနေတယ်။ အီရန်ပြီးရင် သူတို့ကိုအန်တုနိုင်တဲ့ တခြားနိုင်ငံတစ်နိုင်ငံ

**❛ အခု အမေရိကန်ကြားဝင်မှုနဲ့ အစ္စရေးနဲ့ အီရန် အပစ်ရပ်တယ် ဖြစ်ပြန်ပြီ။ သေချာတာက စစ်ရပ်လည်းခဏပဲ။ ကမ္ဘာကြီးက အစ္စရေး - အီရန် စစ်ပွဲထက် ကြီးမားတဲ့စစ်ပွဲတွေဆီ ဦးတည်သွားနိုင်တယ်။ နေရာအနှံ့ စစ်ရိပ်စစ်ငွေ့သန်းလာနေတယ်။ အီရန်ပြီးရင် သူတို့ကိုအန်တုနိုင်တဲ့ တခြားနိုင်ငံတစ်နိုင်ငံဆိုပြီး ပြောနေကြတယ်။ နှစ်ဖက်စလုံးက လိုအပ်ရင် နျူကလီးယားလက်နက်တွေပါ သုံးမှာဖြစ်တယ်။ အင်အားကြီးတာ ထိုင်ကြည့်နေမလား၊ အခုပဲ ဟန့်တားမလားဆိုတဲ့ အတွေးအခေါ်က လွှမ်းမိုးသွားရင် အင်အားကြီးနိုင်ငံတွေနဲ့ အဆင်မပြေတဲ့ ဘယ်နိုင်ငံမှ မလွတ်နိုင်ပါဘူး။ အခု စစ်ပွဲတွေက နောက်ဆုတ်လို့မရတဲ့စစ်ပွဲတွေဖြစ် ❜**

ဆိုပြီး ပြောနေကြတယ်။ နှစ်ဖက်စလုံးက လိုအပ်ရင် နျူကလီးယား လက်နက်တွေပါ သုံးမှာဖြစ်တယ်။ အင်အားကြီးတာ ထိုင်ကြည့်နေမလား၊ အခုပဲ ဟန့်တားမလားဆိုတဲ့ အတွေးအခေါ်က လွှမ်းမိုးသွားရင် အင်အားကြီးနိုင်ငံတွေနဲ့ အဆင်မပြေတဲ့ ဘယ်နိုင်ငံမှ မလွတ်နိုင်ပါဘူး။ အခုစစ်ပွဲတွေက နောက်ဆုတ်လို့မရတဲ့စစ်ပွဲတွေ ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများ ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံပျံလွန်တော်မူသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များအတွက် သုံးလပြည့်ရည်စူးကုသိုလ်အမှုအတမ်းပေးဝေကြစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အောင်မြေသာစံမြို့နယ်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံအား စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ မျိုးရင်ရင် သီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် စစ်ကိုင်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲ/ယာများရှိ ငလျင်ဒဏ်ကြောင့် အပြိုအပျက်များအား အဖွဲ့အသီးသီးက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် ရွှေဟင်္သာတိုက်သစ်၌ ရွှေဟင်္သာ တိုက်သစ်ဆရာတော်အရှင်သဒ္ဓမ္မအမှူးပြုသော သံဃာတော်အရှင်သူမြတ်များက ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံပျံလွန်တော်မူသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များအတွက် သုံးလပြည့်ရည်စူးကုသိုလ်အမှုအတမ်း ပေးဝေပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရွှေဟင်္သာတိုက်သစ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းချ အမျှပေးဝေသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလွင်ဦး အပြာရောင်အဆင့် ပြန်လည်နေထိုင်လျက်ရှိသော ဝန်ထမ်းအိမ်ရာ၊ အဆောက်များအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အပြာရောင်အဆင့် သတ်မှတ်ချက်ဖြင့် ဝန်ထမ်းများ ပြန်လည် နေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ၊ အဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်လျက်ရှိသည့် ကံ့ကော်အိမ်ရာ တိုက်အမှတ် (၂၁၅)၊ ဘူးကွဲအိမ်ရာ တိုက်အမှတ် (၃၁၀၇)၊ (၃၁၀၈)၊ (၆၂၁၂)နှင့် သဇင်(၁) အဆောင်(၄)၊ (၁၂)၊ သဇင်(၅) အဆောင်(၇)၊ (၉)၊ (၁၀)၊ သဇင်(၆) အဆောင်(၃)တို့သို့ သွားရောက်ကြည့်ရှုပြီး နေထိုင်သည့် ဝန်ထမ်းများနှင့် မိသားစုများကို တွေ့ဆုံကာ နေထိုင်ရေး အဆင်ပြေမှု ရှိ၊ မရှိနှင့် လျှပ်စစ်မီး၊ သောက်သုံးရေ ရရှိမှုအခြေအနေတို့ကို စိစစ်မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး အိမ်ရာ၊ အဆောင်ဝန်းကျင် အမှိုက်ကင်းစင်ရေးနှင့် သန့်ရှင်းသာယာရေးကို ပုံမှန်စုပေါင်းဆောင်ရွက်ကြရန်၊ သတ်မှတ်ထားသော အိမ်ရာ၊ အဆောင်စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သရက်ချောင်းမြို့နယ်၌ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူပြု ဉာဏ်ရည်တုနည်းပညာ ပြန့်ပွားရေးလုပ်ငန်း ဆောင်ရွက်

**သရက်ချောင်း ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအနေဖြင့် ခေတ်မီနည်းပညာများ လက်လှမ်းမီစေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေသည့် AI ဉာဏ်ရည်တု နည်းပညာပြန့်ပွားရေးလုပ်ငန်းကို ဇွန် ၂၅ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**သင်ကြားပို့ချပေး**

သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက AI နည်းပညာများကို သင်ကြားပို့ချပေးပြီးနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာသော တောင်သူများ၏ ဖုန်းထဲသို့ Software များ ထည့်သွင်းပေးခြင်း၊ အသုံးပြုသည့်နည်းလမ်းများကို စမ်းသပ်ပြသခြင်းစသည့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၂ အုပ်စုမှ တောင်သူ၆၀ တို့အား AI ဉာဏ်ရည်တု နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**



❖ **မြန်မာနိုင်ငံမှ**

ည ၇ နာရီတွင် ဘာရိန်းအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ဇူလိုင် ၂ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်း၊ ည ၇ နာရီတွင် ဘာရိန်းအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ ဇူလိုင် ၅ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘာရိန်းအသင်း၊ ည ၇ နာရီတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးရပ်တည်မှုရတစ်သင်းစီသာ ခြေစစ်ပွဲအောင်မည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် အုပ်စုချောင်သော်လည်း ပွဲတိုင်းအာရုံစိုက်ကစားရန် လိုအပ်နေသည်။

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် နည်းပြချုပ်-ယုကီတက်ဆုရို၊ အားကစားသမားအဖြစ် ဂိုးသမား-မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ အိစန္ဒာဇော်(ရှေ့ဝတီ)၊ ဇူးလတ်နဒီ (အား/ကာသိပ္ပံ)၊ နောက်တန်း-နှင်းပွင့်အေး၊ လင်းလဲ့ဦး(အား/ကာသိပ္ပံ)၊ ဖြူဖွေး၊ ယုယုနိုင်(ရန်ကုန်ယူနိုက်တက်)၊ ဇူးလတ်နဒီ၊ ဖြူဖြူဝင်း (ရှေ့ဝတီ)၊ ဆောင်းနှင်းဖွေး၊ ခင်မျိုးသန္တာထွန်း (ရှမ်းယူနိုက်တက်)၊ အလယ်တန်း-နော်ထက်ထက်ဝေ (ရှေ့ဝတီ)၊ ရွှေရည်ထွန်း၊ မိုးမိုးသန်း (အား/ကာသိပ္ပံ)၊ ဝင်းဝင်း၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ နန်းဖြူဖြူသွယ်၊ ရူပါခိုင်(ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း-ဝင်းသိင်္ဂီထွန်း(ဆာဘား၊ မလေးရှား)၊ စန်းသော်သော် (ရှေ့ဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်) နှင့် မေထက်လူ (Los Angeles Pierce College-အမေရိကန်)တို့ ပါဝင်ကြသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

# ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့်အတူ ပြည်တွင်းစက်သုံးဆီဈေးနှုန်းမြင့်တက်သော်လည်း စက်သုံးဆီအလုံအလောက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်

**နေပြည်တော် ဇွန် ၂၈**

ယခုသီတင်းပတ်ကာလများအတွင်း ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့်အတူ အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများသည် တစ်စည်လျှင် ၁၀ ဒေါ်လာမှ ၁၅ ဒေါ်လာခန့်အထိ မြင့်တက်ခဲ့သဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ပြည်တွင်းနိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထားမှာ တည်ငြိမ်လျက်ရှိကာ ပြည်တွင်းတွင် စက်သုံးဆီများ အလုံအလောက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**






## ထားဝယ်မြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

**ထားဝယ် ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၂၆ ရက်တွင် ထားဝယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ထားဝယ်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်က နိုင်ငံအသီးသီးတွင် အစိုးရက နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး အခွန်ထမ်းများအနေဖြင့် တာဝန်သိလိုလားစွာဖြင့် အခွန်ပေးဆောင်စေရန်နှင့် အခွန်ထမ်းမဖြစ်သေးသူများအား အခွန်ထမ်းဖြစ်လာစေရေး တိုးချဲ့ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းနှင့် ရွှေဆိုင်များမှ ပြေစာများ ထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်မြို့နယ် အခွန်ဦးစီးဌာနမှူးက ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ ထားဝယ်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၄၀ | ၃၂၅၅ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၀၅ | ၃၅၀၅ | ၃၂၃၀ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၅ |
| 95 Ron | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၀ | ၃၂၈၀ | ၄၅၆၀ | ၃၅၇၅ | ၃၂၉၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၈၄၅ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၀၀ | ၂၈၀၀ | - | ၃၀၉၅ | ၂၈၂၀ | ၂၈၂၀ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၅ |
| HSD (50 ppm) | ၃၃၈၅ | ၃၅၀၀ | ၃၄၆၅ | ၃၄၀၀ | ၃၅၀၅ | ၃၅၂၀ | ၃၅၃၅ | ၃၄၅၅ | ၄၈၃၀ | ၃၇၅၀ | ၃၄၇၀ | ၃၄၇၅ | ၃၅၄၅ | ၃၅၁၀ | ၃၅၃၀ | ၃၇၈၅ |
| HSD (10 ppm) | ၃၃၈၅ | ၃၅၀၀ | ၃၄၆၅ | ၃၄၀၀ | ၃၅၀၅ | ၃၅၂၀ | ၃၅၃၅ | ၃၄၅၅ | - | ၃၇၅၀ | ၃၄၇၀ | ၃၄၇၅ | ၃၅၄၅ | ၃၅၁၀ | ၃၅၃၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၆၆ | ၃၀၅၉ |
| 95 Ron | ၃၀၃၃ | ၃၁၂၈ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၃၂၀၃ | ၃၂၉၇ |
| HSD (10 ppm) | ၃၂၀၃ | ၃၂၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ပခုက္ကူမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ပခုက္ကူ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးစေရေး ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းမှစတင်ပြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စေတနာ့ဝန်ထမ်းများပူးပေါင်း၍ ပခုက္ကူမြို့ အမှတ် ၁၊ ၃၊ ၁၂ ရပ်ကွက်များရှိလူနေအိမ်များ၊ သွေးလွန်တုပ်ကွေးရောဂါပိုးတွေ့ရှိခဲ့သည့် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များကို ရောဂါကာကွယ်ဆေးဖျန်းခြင်း၊ ရေတွင်း၊ ရေကန်၊ ရေပုံးများကို ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## ဟုမ္မလင်း၌ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် သတိပေးနှိုးဆော်

**ဟုမ္မလင်း ဇွန် ၂၈**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းတာချက်အရ ဟုမ္မလင်းမြို့၏ ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် ၂၉၀၀ စင်တီမီတာ အထက် နှစ်လက်မခန့်တွင် ရောက်ရှိနေပြီး ချင်းတွင်း မြစ်ရေကြီးမြင့်မှုကြောင့် မြစ်ရေဝင်ရောက်မှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် ရေမြင့်တက်လာပါက အချိန်မီ သတိပြုရှောင်ရှားနိုင်ရေး သတိပေးဆောင်ရွက်မှုများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတိပေးနှိုးဆော်**

ထိုသို့ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းလင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် လိုက်လံသတိပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

**ဟုမ္မလင်း(မြန်/ဆက်)**

■

# ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၈

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသအတွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။



## ကြည့်ရှုအားပေး

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ ကျွန်းပင် ၄၀၀၀၊ ပျဉ်းကတိုးပင် ၂၂၀၀၊ မဟော်ဂနီပင် ၄၀၀၀၊ သရက်ပင် ၂၀၀၊ ပိန္နဲပင် ၂၀၀နှင့် ဒူးရင်းပင် ၂၀၀ စုစုပေါင်းပျိုးပင် ၁၀၈၀၀ ကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (၂၆) နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား တက်ရောက်

မကွေး ဇွန် ၂၈

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်းဒေသကြီး မိုးရာသီ(တတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးတက္ကသိုလ်အရှေ့ဘက် အောင်စေတနာရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မကွေးတက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အား ပျိုးပင်များ ပေးအပ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတွင် တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ တမာ၊ ပန်းမဲဇလီ၊ ဆီသပြေ၊ စိန်တံချူ၊ ကုလားကုက္ကို၊ မည်စည်၊ မဲဇလီ၊ ရေတမာ၊ ဖျောက်ဆိပ် အစရှိသည့် သစ်မျိုးစုံနှင့် ပန်းအလှပင်စုစုပေါင်း သစ်မျိုး ၁၀ မျိုးနှင့် ပျိုးပင်ပေါင်း ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၌ စုပေါင်းသစ်ပင် စိုက်ပျိုး

မော်လမြိုင် ဇွန် ၂၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံးအတွင်း၌ ပြုလုပ်သည်။

ဦးစွာ မွန်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက အရိပ်ရပျိုးပင်များကိုသတ်မှတ်နေရာများ၌ ဦးဆောင်စိုက်ပျိုးပြီး မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံးရှိ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနတို့မှ ဝန်ထမ်းများက ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



စည်သူ(ပြန်/ဆက်)

# မြင်းခြံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြင်းခြံ ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဇာနည်ဝင်းတို့က တာဝန်ရှိသူများအား ပျိုးပင်များဖြန့်ဝေပေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက တမာ၊ ဗာဒံ၊ ကုက္ကို၊ မန်ကျည်း၊ ပိတောက်၊ ငုဝါ၊ သပြေဘူတ၊ မဲဇလီ၊ စိန်ပန်း စုစုပေါင်း ပျိုးပင် ၂၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကျော်စွာ(မြင်းခြံ)




# လမ်းမတော်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာက အဖွင့်အမှာစကားပြောကြားပြီး ကျောက်တံတားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများအား ခရေပင်၊ ကံ့ကော်ပင်များနှင့် ရေတမာပျိုးပင်များအား ပေးအပ်ခဲ့ကြပြီး ပျိုးပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကျော်ဆန်းမြင့်

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အမေရိကန်အစိုးရ၏ ကုန်သွယ်ခွန်ကောက်ခံမှုကို စက်တင်ဘာ ၁ ရက်တွင် စတင်နိုင်ဖွယ်ရှိ



ဝါရှင်တန် ဇွန် ၂၈

အမေရိကန်အစိုးရ၏ ကုန်သွယ်ခွန်ကောက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ကို ထပ်မံသက်တမ်းတိုးထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းရေးဆိုင်ရာ ထိပ်တန်းအရာရှိက အရိပ်အမြွက်ပြောကြားသည်။

အဆိုပါကုန်သွယ်ခွန်ကောက်ခံခြင်းကို စက်တင်ဘာ ၁ ရက်တွင် စတင်နိုင်ဖွယ်ရှိကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်စ်ဆန့်က ပြောကြားသည်။

အပြန်အလှန်အခွန်စည်းကြပ်မှုများကို ရက် ၉၀ ကြာရပ်နားထားရာ ဇူလိုင် ၉ ရက်တွင် သက်တမ်းကုန်မည်ဖြစ်သည်။ အဆိုပါကာလအတွင်း နိုင်ငံအများအပြားသည် ကုန်သွယ်ခွန်ကောက်ခံမှုနှင့် ပတ်သက်ပြီး သဘောတူညီချက်တစ်ခုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း စကော့ဘတ်စ်ဆန့်က ပြောကြားသည်။

အမေရိကန်နိုင်ငံအနေဖြင့် ၎င်းတွင် အရေးကြီးသော ကုန်သွယ်ဖက်နိုင်ငံ ၁၈ နိုင်ငံရှိပြီး ၎င်းတို့အနက် ၁၀ နိုင်ငံ သို့မဟုတ် ၁၂ နိုင်ငံနှင့် သဘောတူညီချက်ရရှိရန် ကြိုးစားလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စက်တင်ဘာ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့တွင် နောက်ထပ် နိုင်ငံပေါင်း ၂၀ နှင့် သဘောတူညီမှုရရှိရန် မျှော်လင့်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် အမေရိကန်နည်းပညာကုမ္ပဏီများကို အခွန်ကောက်ခြင်းနှင့်ပတ်သက်သည့် အစီအစဉ်အပေါ် ကနေဒါနိုင်ငံနှင့် ဆွေးနွေးမှုအားလုံးကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်စ်ဆန့်က ပြောကြားသည်။ မကြာမီ စည်းကြပ်ခွန်အသစ်များ ချမှတ်မည်ဟုလည်း ၎င်းက ဆက်လက်ပြောသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ပါကစ္စတန်နိုင်ငံ၌ ကလေးတစ်ဦးတွင် ပိုလီယိုပိုင်းရပ်စ်ပိုးတွေ့ရှိ ယခုနှစ်အတွင်း ရောဂါကူးစက်ခံရသူ ၁၃ ယောက်မြောက်ဖြစ်

အစ္စလာမာဘတ် ဇွန် ၂၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်းဘာပက္ကတွန်ခဝါပြည်နယ်မှ ကလေးတစ်ဦးတွင် ပိုလီယိုဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ရာ ယခုနှစ်အတွင်း ပိုလီယိုရောဂါကူးစက်ခံရသူ ၁၃ ယောက်မြောက်တွေ့ရှိခြင်းဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားကျန်းမာရေးဝန်ဆောင်မှုဝန်ကြီးဌာနက ယမန်နေ့တွင် အတည်ပြုပြောကြားသည်။

အသက် ၁၈ လအရွယ် မိန်းကလေးငယ်တစ်ဦးထံမှ နမူနာကိုစစ်ဆေးရာတွင် ဗိုင်းရပ်စ်ရှိကြောင်း အစ္စလာမာဘတ်ရှိ အမျိုးသားကျန်းမာရေးအင်စတီကျု၏ ပိုလီယိုရောဂါတိုက်ဖျက်ရေးအတွက် ဒေသဆိုင်ရာ ဓာတ်ခွဲခန်းက အတည်ပြုခဲ့သည်။

အဆိုပါရောဂါတွေ့ရှိမှုသည် နိုင်ငံအတွင်း၌ ၁၃ ယောက်မြောက်ဖြစ်ပြီး ခိုင်းဘာပက္ကတွန်ခဝါပြည်နယ်အတွက် သတ္တမမြောက်ရောဂါတွေ့ရှိမှုဖြစ်သည်။

ယခုနှစ် ပါကစ္စတန်နိုင်ငံ၏ ပိုလီယိုရောဂါပပျောက်ရေးအစီအစဉ်သည် ဖေဖော်ဝါရီလ၊ ဧပြီလနှင့် မေလတို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပြီး ကလေးငယ် ၄၅ သန်းကျော်ကို ကာကွယ်ဆေးတိုက်ကျွေးနိုင်ခဲ့ကြောင်း သိရသည်။

ကလေးများကို ကာကွယ်ဆေးတိုက်ကျွေးနိုင်ရန် ကျန်းမာရေးအာဏာပိုင်များက မိဘအုပ်ထိန်းသူများကို တိုက်တွန်းပြောကြားသည်။

ပါကစ္စတန်သည် ၂၀၂၄ ခုနှစ်တွင် ပိုလီယိုရောဂါခံစားရသူ ၇၄ ဦး တွေ့ရှိခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် -အောင်ကျော်ကျော်

# နျူကလီးယားဗုံးများကို သယ်ဆောင်နိုင်စွမ်းရှိသော အမေရိကန်လုပ် F-35A တိုက်လေယာဉ်များ ဗြိတိန်အစိုးရ ဝယ်ယူမည်

လန်ဒန် ဇွန် ၂၈

ဗြိတိန်အစိုးရက တော်ဝင်လေတပ်အတွက် နျူကလီးယားဗုံးများကို သယ်ဆောင်နိုင်စွမ်းရှိသော အမေရိကန်လုပ် F-35A တိုက်လေယာဉ်များကို ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမားက နယ်သာလန်တွင် ကျင်းပခဲ့သည့် နေတိုးထိပ်သီးအစည်းအဝေးတွင် အထက်ပါအစီအစဉ်ကို ထုတ်ဖော်ပြောကြားသည်။

ဗြိတိန်၏ နျူကလီးယားစွမ်းပကားကို ပိုမိုအားကောင်းစေရန် အဆိုပါတိုက်လေယာဉ်များကို ဝယ်ယူခြင်းဖြစ်ကြောင်း ကီယာစတားမားက ပြောကြားသည်။ ဗြိတိန်နိုင်ငံသည် နေတိုးအဖွဲ့၏ ဝေဟင်နျူကလီးယားမစ်ရှင်တွင် ပါဝင်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်တွင် ပါဝင်သည့် လေယာဉ်များတွင် နျူကလီးယားဗုံးများ တပ်ဆင်ထားမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်၊ ဂျာမနီနှင့် အီတလီတို့ အပါအဝင် အခြားနိုင်ငံ ခုနစ်နိုင်ငံသည် ယင်းအစီအစဉ်တွင် ပါဝင်သည်။

ဗြိတိန်နိုင်ငံ၏ နျူကလီးယားလက်နက်အစီအစဉ်တွင် ရေငုပ်သင်္ဘောမှ ပစ်လွှတ်ရသည့်ဒုံးကျည်များလည်း ပါဝင်သည်။

F-35A တိုက်လေယာဉ် ဝယ်ယူမှုသည် ဇွန် ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစိုးရ၏ အမျိုးသားလုံခြုံရေး မဟာဗျူဟာအသစ်နှင့်အညီ ဖြစ်သည်။

တိုင်းပြည်အတွက် ကြိုတင်ကာကွယ်ရန်အတွက် တိုက်လေယာဉ်များဝယ်ယူခြင်းဖြစ်ကြောင်း ဗြိတိန်အစိုးရက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ ဆာနော‌အထူးစီးပွားရေးဇုန် ဖွင့်လှစ်

ဂျကာတာ ဇွန် ၂၈

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ နိုင်ငံတကာအဆင့်မီ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုပါဝင်သည့် ဆာနော အထူးစီးပွားရေးဇုန်ကို အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အထူးစီးပွားရေးဇုန်ဖွင့်လှစ်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိသာထင်ရှားသည့် ခြေလှမ်းတစ်ရပ်ကို အောင်မြင်စွာ ဆောင်ရွက်ခြင်းဖြစ်သည်။ သမ္မတပရာဘိုဝို ဆူဘီရန်တိုသည် ၂၀၂၁ခုနှစ်တွင် သမ္မတဟောင်း ဂျိုကိုဝီ ဒိုဒို အုတ်မြစ်ချခဲ့သည့် ဘာလီအပြည်ပြည်ဆိုင်ရာဆေးရုံကိုလည်း ယခုခရီးစဉ်အတွင်းဖွင့်လှစ်ခဲ့သည်။ မိမိတို့နိုင်ငံတွင် နိုင်ငံတကာအဆင့်မီကျန်းမာရေးဝန်ဆောင်မှုများပေးသည့် ဆေးရုံပါဝင်သော အထူးစီးပွားရေးဇုန်ကို ပထမဆုံးဖွင့်လှစ်ခဲ့ကြောင်း ပရာဘိုဝို ဆူဘီရန်တိုက ပြောကြားသည်။

နိုင်ငံသားများသည် ပြည်ပနိုင်ငံများတွင် ဆေးကုသမည့်အစား နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည့် ဘာလီအပြည်ပြည်ဆိုင်ရာဆေးရုံတွင် ဆေးကုသမှုခံယူနိုင်မည်ဟု ယုံကြည်ပါကြောင်း ၎င်းက ပြောကြားသည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# မြောက်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသရှိ ဝန်ဆန်ကယ်လ်မာ ခရီးသွားဇုန် ဖွင့်လှစ်

ပြုံယမ်း ဇွန် ၂၈

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်က အရှေ့ဘက်ကမ်းရိုးတန်းဒေသရှိ ခရီးသွားဇုန်တစ်ခု တည်ဆောက်မှု ပြီးစီးခြင်းအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝန်ဆန်ကယ်လ်မာကမ်းရိုးတန်း ခရီးသွားဇုန်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက်တွင် ကျင်းပခဲ့ပြီး ခေါင်းဆောင်ကင်ဂျုံအန် တက်ရောက်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရပိုင် ကိုရီးယားဗဟိုတယ်လီဗီးရှင်းက ယနေ့သတင်းဖော်ပြသည်။

အခမ်းအနားတွင် ခေါင်းဆောင်ကင်က ဖဲကြိုးဖြတ်ပြီး မြောက်ကိုရီးယားဆိုင်ရာ ရုရှားသံအမတ် အလက်ဇန္ဒြားမတ်ဆီဂိုရာနှင့်အတူ ဟိုတယ်နှင့် ရေကူးကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါ အပန်းဖြေစခန်းတွင် လာရောက်လည်ပတ်သူ ၂၀၀၀၀ ခန့် တည်းခိုနိုင်မည်ဖြစ်သည်။

ကင်ဂျုံအန်က ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှစ်ခုစလုံးအတွက် ခရီးသွားလုပ်ငန်း၏ အရေးပါမှုကို အလေးပေးပြောကြားသည်။

လာမည့်ပါတီညီလာခံတွင် အခြားဒေသများရှိ ခရီးသွားဇရိယာများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည့် အစီအစဉ်ကို ထုတ်ဖော်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဝန်ဆန်ကယ်လ်မာ ကမ်းရိုးတန်း ခရီးသွားဇုန်အပန်းဖြေစခန်းကို ပြည်တွင်းခရီးသွားများအတွက် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။



မြောက်ကိုရီးယားနိုင်ငံက ကိုရိုနာဗိုင်းရပ်ကူးစက်ပျံ့နှံ့မှုအတွင်း ပိတ်ပင်ချမှတ်ထားသည့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးလျက်ရှိသည်။ ပြုံယမ်းသည် နိုင်ငံခြားငွေရရှိရန် ပြည်ပခရီးသွားများကို ဆွဲဆောင်ရန် မျှော်လင့်နေကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ကလေးမြို့တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၈

ကလေးမြို့တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

**အရေးယူ**

ဖြစ်စဉ်မှာ ဇွန် ၂၆ ရက်ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ(၂) မနောသုခလမ်းတွင် မွန်မွန်အောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀) ဖမ်းဆီးရမိသဖြင့် မွန်မွန်အောင်(၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားသည်။



တရားခံ မွန်မွန်အောင်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် သတင်းအရ ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်း၌ လမ်းလျှောက်လာသူ ဖူးပွင့်သွယ်(ခ) စန်းစန်းထွေး(ခ)သေးသေး ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ (တစ်ပြားလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀) ဖမ်းဆီးရမိသဖြင့် ဖူးပွင့်သွယ်(ခ)စန်းစန်းထွေး(ခ)သေးသေး (၂၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (၀)မိုင် ခါလာကြီး ထမင်းဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၄၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Starex နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၂၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Singapore Airlines လေယာဉ် ခရီးစဉ်အမှတ် SQ-762/ SF – 6049 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၀၈၇၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၁၆၄ တန်၊ သစ်မာ သုည ဒသမ ၆၉၀ တန်၊ အခြားသစ် ၄ ဒသမ ၄၅၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၄၇၅၉ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ မြို့သစ်(၆)ရပ်ကွက် ရွှေနံ့သာလမ်း အိမ်အမှတ်(၉-ခ)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြေနီလမ်း ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၄၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (၀)မိုင် ခါလာကြီးထမင်းဆိုင်အနီး၌ သိမ်းဆည်းရမိမှု။

ဇွန် ၂၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၄ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၄၁ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၆၀၂၂၅၉)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၆-၂၀၂၅ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ပျော်ရွှင်ခြင်းတို့ဖြစ်တည်ရာ...Nay Kyar
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'ချစ်စရာ သိုးမိသားစု' (အပိုင်း-၈)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၁၅ မြန်မာနိုင်ငံဂီတနေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၃၅ This Week's Special Interest
- ၁၃:၁၅ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်ဝင်ရုပ်ရှင် 'သစ္စာတူမြိုင်'
- ၁၅:၄၅ ၂၀၂၆ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် တာ့မ်မင်နစ္စတန်လက်ရွေးစင်အသင်း)
- ၁၈:၁၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြ မြန်မာတေးအလှ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'စကားပြောတဲ့စကားလုံးများကိုပုံဖော်ကိုင်သူ အကယ်ဒမီငြိမ်းမင်း' (အပိုင်း-၃)
- ၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် 'ကတ္တီပါကားအခွင့်'

### mitv

- 07:01 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- 07:09 Ancient Historical Kakku Pagoda
- 07:20 Tech Digest
- 07:28 Myanmar Traditional Food: Mohinga
- 07:48 Hsig Khaung Village In Hsihseng
- 08:01 News
- 08:27 Let's go to Hlawga Nature Park
- 09:01 Mt. Taung Pu La
- 09:35 Today Myanmar
- 09:42 Popsicle Sticks Art Creator
- 09:45 Myanmar Traditional Snacks: Mounhsi Gyaw
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မဂုဏ‌တေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊ အက(ကချင်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၂)
- ၀၇:၅၀ စတီရီယိုတေးများ
- ၀၈:၀၅ ဇာတ်သဘင် 'ရေသည်ပြဇာတ်'
- ၀၉:၀၀ ချစ်စရာအရွယ်ကစားကြမယ်
- ၀၉:၃၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'ရက်စ်ဘော့စ်'
- ၁၆:၀၀ ၂၀၂၆ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် တာ့မ်မင်နစ္စတန်လက်ရွေးစင်အသင်း)

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ငါးချဉ်ဟင်းရည်နှင့်ရိုးရာအထောင်း

**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၀)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အကြေပုဂံလို့တင်စားခေါ်ဝေါ်တဲ့မြောင်းမြမြို့ဟောင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ချိုအေးမွှေးတဲ့ အုန်းမွှေးလုံး

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာ

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
တညင်းသီး၏ကောင်းကျိုးဆိုးကျိုး

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရွှေတံခါးမြို့သို့အလည်တစ်ခေါက်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ခေါက်ဆွဲပြုလုပ်နည်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဟင်းနုနွယ်နှင့်ကျန်းမာရေး

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အနစ်နာခံသောသူရဲကောင်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမေးဝင်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁)
- ၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၇၄)
- ၁၆:၀၀ အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ တိုက်ရိုက်(LIVE) ထုတ်လွှင့်မှု

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တန်ဖိုးမြင့်မား မြန်မာ့သနပ်ခါး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Modern Agriculture Machines That Are At Another Level 3
- ၁၇:၃၀ International Music Hits Disney Song
- ၂၀:၀၀ ဆူးခက်တွေပျံ့နေကြလမ်းလေးပေါ်မှာ (ဇာတ်လမ်း)
- ၂၂:၀၀ Batman (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၂:၀၀ FIFA MFF U-19 Youth League (Replay) (Shwe Pyi Thar United Vs Pacific Sun Far)
- ၁၇:၀၀ အားကစားသတင်း

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများပေးအပ်ပွဲနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်အဖြေလွှာများစစ်ဆေးမည့် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကျင်းပ

မုံရွာ ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် အဖြေလွှာများ စစ်ဆေးမည့် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်အဖြေလွှာများ စစ်ဆေးမည့် ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၀ ပေးအပ်ချီးမြှင့်ရာ ဆရာ ဆရာမများကိုယ်စား ဆရာမကြီးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




# စစ်ကိုင်းမြို့ရှိ လျှော်ဒဏ်သင့်ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

နေပြည်တော် ဇွန် ၂၈

စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းမြို့နယ် ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ငလျင်ဒဏ်ကြောင့် ပျောက်ဆုံး ပျက်စီးသွားသော အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိမည့် ပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးခင်မောင်အေးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများလက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သာကေတမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

သာကေတ ဇွန် ၂၈

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေး ကြေညာချက်ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းကကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းမင်းလတ်တို့ဦးဆောင်၍ သာကေတမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာဤဆိုင်တွင်အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



# ရေးမြို့နယ် အထက(၂)၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်များထုတ်ပေး

ရေး ဇွန် ၂၈

မွန်ပြည်နယ် ရေးမြို့နယ်၌ နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် ဇီဝအချက်အလက်များ ကောက်ယူ၍ UID (Unique Identification Number) နံပါတ်ထုတ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရေးခရိုင်ဦးစီးမှူး ဦးရည်သန့်က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဇီဝအချက်အလက်များကောက်ယူ၍ UID နံပါတ်ထုတ်ပေးရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ရေးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ကောင်းဇော်မြင့်၊ ရေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်ထွန်းနှင့် မြို့နယ်စီမံအဖွဲ့ဝင်များသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေးမြို့နယ်ဦးစီးမှူး ဦးဌေးဝင်း ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၇၆ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊ အီလက်ထရွန်နစ်နည်းပညာဖြင့် ကိုယ်ရေးအချက်အလက်များနှင့် ဇီဝအချက်အလက်များ စာရင်းကောက်ယူ ဆောင်ရွက်ပေးမှုကို လိုက်လံ ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်အရောက် နေ့ချင်းပြီး ပေးအပ်ခဲ့သည်။

ထို့အတူ ရေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက အဆိုပါပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းပေးခြင်းကို အခြေခံပညာကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများတွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအတွက် အာမခံလျော်ကြေးငွေပေးအပ်

ရန်ကုန် ဇွန် ၂၈

မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ UMT Co.,Ltd. အဆောက်အအုံ ထိခိုက်ပျက်စီးမှုအတွက် သဘာဝဘေး အန္တရာယ် အကာအကွယ်လျော်ကြေးငွေပေးအပ်ပွဲကို ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရှိ ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ(GWI) မန္တလေးရုံးခွဲ၌ ဇွန် ၂၇ ရက်တွင် ပြုလုပ်သည်။

အဆိုပါလျော်ကြေးပေးအပ်ပွဲတွင် GWI မှ တာဝန်ရှိသူတစ်ဦးက လျော်ကြေးငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အာမခံလျော်ကြေးငွေကျပ်သိန်း ၂၅၀၀ ကိုပေးအပ်ရာ UMT Co.,Ltd. မှ တာဝန်ရှိသူကလက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ကိုထက်




ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# မော်ဘီမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် သဲဖြူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိအခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကဝမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

**ပဲခူး ဇွန် ၂၈**

ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ကဝမြို့နယ် အုန္နဲတိုက်နယ်ဆေးရုံ၌ ကဝမြို့နယ်အတွင်းရှိ ရဟန်းရှင်၊ ပြည်သူများအား ဆေးကုသမှုများ ပြုလုပ်ပေးသည်။

အဆိုပါကွင်းဆင်းဆေးကုသရာသို့ လူနာ ၃၇၈ ဦး လာရောက်ပြသရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စိုးစိုးသက်၊ ဥက္ကဋ္ဌဒေါ်စန္ဒာထွေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုးတို့နှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ချောင်းသာမြို့အတွင်းရှိ ပြည်သူများအား ပုသိမ်ပြည်သူ့ဆေးရုံကြီးရှိ အထူးကုဆရာဝန်ကြီးများ (အခမဲ့)ကွင်းဆင်းကုသပေးခြင်းများ ဆောင်ရွက်



**ချောင်းသာ ဇွန် ၂၈**

ဧရာဝတီတိုင်း ဒေသကြီး ချောင်းသာမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် ပုသိမ်မြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချောင်းသာမြို့ တိုက်နယ်ဆေးရုံကြီး၌ အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသီဟ ဦးဆောင်ကြီးကြပ်မှုဖြင့် ပုသိမ်ပြည်သူ့ဆေးရုံကြီးရှိ အထွေထွေရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ စိတ်ရောဂါအထူးကု၊ အရိုးအထူးကု၊ အရေပြားရောဂါအထူးကုနှင့် သွားရောဂါအထူးကုစသည့်အထူးကုဆရာဝန်ကြီးများက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်ကုသရန် လိုအပ်သည့် လူနာများအား မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ကြသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသီဟ၊ မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဦးဆောင်ပြီး ချောင်းသာမြို့ တိုက်နယ်ဆေးရုံကြီးနှင့် တိုက်နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပရဟိတအဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

# ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံ



**ချောင်းဦး ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဇွန် ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးနေကြောင်း သိရသည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်နိုင် ဦးဆောင်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်သူ့ဆေးရုံမှ သားဖွားဆရာမများ၊ ကျန်းမာရေးကြီးကြပ်(၂)များက ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား ပါးစပ်နှာခေါင်းစည်းများဝေငှပေးခြင်း၊ စာရင်းရေးသွင်းခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ဇွန်၂၆ ရက် နံနက် ၉ နာရီမှစတင်ပြီး လူဦးရေ ၃၈၀ ကျော် ထိုးနှံပေးနိုင်ခဲ့ပြီး ဇွန်၂၇ ရက်တွင် လူဦးရေ ၅၀၀ ကျော်တို့ကို ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**



# နတ်တလင်းမြို့နယ်၌ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်

**နတ်တလင်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာအဖွဲ့တို့က ကြည့်ရှုအားပေးခဲ့ကာ ပြည်မြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးမှ အထွေထွေဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ခွဲစိတ်လူနာ ၄၈ ဦး၊ သားဖွားမီးယပ်လူနာ ခုနစ်ဦး၊ ကလေးလူနာ ၁၆ ဦး၊ အရိုးလူနာ ၁၀၃ ဦး၊ မျက်စိလူနာ ၉၃ ဦး၊ သွားနှင့်ခံတွင်းလူနာ ၂၃ ဦး စုစုပေါင်း အထွေထွေရောဂါလူနာ ၄၃၆ ဦးတို့အား ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မျက်စိဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မျက်စိဝေဒနာရှင်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက အမှတ်(၃)ရပ်ကွက် ဓမ္မိကာရုံကျောင်း မေတ္တာအလင်းရောင်ဆေးခန်း၌ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆောင်ရွက်ပေးခဲ့**

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်သံဃနာယက ဆရာတော်ကြီးများက ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မျက်စိဝေဒနာရှင် ၁၅၀ အား ကျန်းမာရေး စစ်ဆေးမှုများ၊ စောင့်ရှောက်မှုများ ပြုလုပ်ခြင်း၊ ထမင်းဘူးနှင့် သောက်ရေသန့်ဘူးများ ပေးဝေခြင်းတို့ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၂၈**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဝိုင်းဝန်းကာကွယ် နင်းဘတ်စ် ကိုဗစ်မျိုးကွဲအန္တရာယ်

ဒေါက်တာအောင်ညွန့်ပိုင်

ယခုရက်များတွင် နင်းဘတ်စ် ကိုဗစ်မျိုးကွဲ ကူးစက်မှုများလာသည်ကို တွေ့ရသည်။ နင်းဘတ်စ် ဗိုင်းရပ်စ်မျိုးကွဲသည် နိုင်ငံပေါင်း ၂၂ နိုင်ငံတွင် ပျံ့နှံ့နေပြီဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က စောင့်ကြည့်ရမည့်မျိုးကွဲအဖြစ် သတ်မှတ်ထားပြီဖြစ်သည်။

နင်းဘတ်စ် ကိုဗစ်မျိုးကွဲသည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ရန် အလွန်လွယ်ကူပြီး NB.1.8.1 Nimbus (နင်းဘတ်စ်) ဟု အမည်ပေးထားကြသည်။ ဓာတ်ခွဲခန်းစမ်းသပ်မှုများအရ ထိုဗိုင်းရပ်စ်မျိုးကွဲသည် လူတို့၏ ACE2 receptor နှင့် ချိတ်တွဲအားအကောင်းဆုံး ဗိုင်းရပ်စ်မျိုးကွဲလည်းဖြစ်သည်။ ထိုသို့ ချိတ်တွဲအားကောင်းခြင်းကြောင့် ထိုဗိုင်းရပ်စ်သည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ရန် လွယ်ကူနေခြင်းလည်းဖြစ်သည်။

အဆိုပါ ဗိုင်းရပ်စ်မျိုးကွဲသည် အိုမီခရွန်နှင့် သိပ်မကွာသော်လည်း သေသေချာချာ လေ့လာကြည့်ပါက ရောဂါပြန့်ပွားရာတွင် အရေးပါအသုံးဝင်သော စပိုက်ပရိုတိန်းနေရာ၌ ပုံစံကွာခြားနေသည်ကို တွေ့ကြရသည်။

နင်းဘတ်စ် ကိုဗစ်မျိုးကွဲ ကူးစက်ခံရပါက ရောဂါပြင်းထန်သည်ကို မတွေ့ရသေးသော်လည်း ကူးစက်မှုနှုန်း မြန်သည်၊ လွယ်သည်ကို တွေ့ကြရသည်။

ထို့ကြောင့် ကာကွယ်ဆေးကို မဖြစ်မနေ ထိုးထားသင့်ပြီး ကာကွယ်ဆေးထိုးထားခြင်းဖြင့် ရောဂါကူးစက်ခံရသော်လည်း ရောဂါပြင်းထန်နိုင်ခြေ နည်းပါးနိုင်ပါသည်။

ကိုဗစ်စဖြစ်ခါစအချိန်တွင် အနံ့ပျောက်ခြင်းသည် ထူးခြားချက်ဖြစ်သကဲ့သို့ နင်းဘတ်စ် ဗိုင်းရပ်စ်မျိုးကွဲ၏ ထူးခြားချက်မှာ လည်ချောင်းထဲတွင် ရှတတနာခြင်း (Razor Blade Throat) ဖြစ်သည်။ နင်းဘတ်စ်မျိုးကွဲသည် ယခင်မျိုးကွဲများထက် ကူးစက်လွယ်သောကြောင့် ကိုယ်ခံအားနည်းသူများ အထူးသတိထားသင့်သည်။ အပြင်သွားသည့်အခါတိုင်း နှာခေါင်းစည်းကို မဖြစ်မနေတပ်သင့်သည်။ ကာကွယ်ဆေးကို မဖြစ်မနေ ထိုးထားသင့်သည်။ နင်းဘတ်စ်မျိုးကွဲသည် မိမိကို ကူးစက်သည့်အချိန်တွင် ရောဂါမပြင်းထန်သော်လည်း မိမိအိမ်မှရှိ အသက်အရွယ်ကြီးပြီး ကိုယ်ခံအားနည်းသည့် လူကြီးများအား မတော်တဆ ကူးစက်ခံရပါက ပြင်းထန်နိုင်သဖြင့် ဝိုင်းဝန်းကာကွယ်ရန် အထူးလိုအပ်ပါသည်။

ရောဂါကာကွယ်နိုင်သော နည်းလမ်းများမှာ

၁။ လက်ကို ခဏခဏဆေးပါ။



## ကာကွယ်နိုင်မည့် နည်းလမ်းများ

- ကိုရိုနာဗိုင်းရပ်စ်ရောဂါ (လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ) လက္ခဏာ ခံစားနေရသူများနှင့် အနီးကပ် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- လက်ကို စင်ကြယ်အောင် မကြာခဏ စနစ်တကျ ဆေးကြောပါ။
- နှာချေချောင်းဆိုးသည့်အခါ နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ပါ။
- တစ်ရှူးအသုံးပြုပါက အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။ လက်ကို စနစ်တကျ ပြန်လည် ဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာ စားသုံးပါ။ ကောင်းစွာ အိပ်စက်အနားယူပါ။
- **လူထူထပ်သည့်နေရာများသို့ သွားလာခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။**
- တိရစ္ဆာန်များနှင့် အကာအကွယ်မပါဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

လက်ကို မကြာခဏဆေးခြင်းသည် ရောဂါကာကွယ်ရေးတွင် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။

လက်ကို မကြာခဏဆေးခြင်းဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ကာကွယ်ပေးနိုင်ရုံသာမက ဝမ်းရောဂါနှင့် လက်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါအများစုကို ကာကွယ်ပေးနိုင်ပါသည်။ ရေနှင့် ဆပ်ပြာကို အသုံးပြုကာ စက္ကန့် ၂၀ ခန့် လက်ကို မကြာခဏဆေးခြင်းသည် ရောဂါကို ကာကွယ်ရာတွင် ထိရောက်အကျိုးရှိလှသည်။ လက်ဆေးရာတွင် ဖဝါး၊ ဖမိုး၊ လက်ခေါက်ချိုး၊ လက်ကြား၊ လက်မ မကျန်စေရ၊ ကုတ်၍ခြစ်ပါ လက္ခဏာ၊ လက်ကောက်ဝတ်မှာ အဆုံးသတ်ပါ ဟူသည့် စာချိုးလေးအတိုင်း လက်ကို သေသေချာချာ မကြာခဏဆေးသင့်ပါသည်။

ရေနှင့် ဆပ်ပြာ အလွယ်တကူမရနိုင်သော နေရာများတွင် ရေမလို လက်သန့်ဆေးရည်များ အသုံးပြုသင့်ပါသည်။ ရေနှင့် ဆပ်ပြာ အသုံးပြုကာ လက်ဆေးခြင်း၊ ရေမလိုလက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်းစသည့် အလေ့အထများသည် ထာဝစဉ်စွဲမြဲစွာ ပြုလုပ်သင့်သည့် အလေ့အကျင့်ကောင်းများဖြစ်ပါသည်။

၂။ လူစုလူဝေးရှောင်ရှားပါ။

အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများသည် နှာချေ၊ ချောင်းဆိုးရာမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သည်။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာမနေပါက လူစုလူဝေးအတွင်းတွင် ရောဂါအလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သည်။

၃။ သန့်ရှင်းရေး အထူးဂရုစိုက်ပါ။

တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးအလေးပေး ဂရုစိုက်ခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားခြင်း၊ ရောဂါခံစားရခြင်း မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ မိမိတစ်ကိုယ်ရေသန့်ရှင်းရေး၊ အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးတို့ကို နေ့စဉ်ပြုလုပ်ပေးသင့်သည်။ နေ့စဉ် ထိတွေ့အသုံးပြုနေရသော တံခါးလက်ကိုင်၊ စားပွဲမျက်နှာပြင်စသည်တို့ကို ပိုးသတ်ဆေး၊ ဆပ်ပြာ၊ ရေ စသည်တို့ဖြင့် မကြာခဏ သန့်ရှင်းရေးပြုလုပ်ပေးသင့်သည်။

ကလေးငယ်ရှိသော အိမ်များတွင် အရုပ်များကိုပါ သန့်ရှင်းရေးပြုလုပ်ပေးသင့်သည်။ အကြောင်းမှာ အရုပ်များတွင် ရောဂါပိုးများ တွယ်ကပ်နေနိုင်ခြင်းကြောင့်ဖြစ်သည်။ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ရောဂါကို ထိရောက်စွာ ကာကွယ်ပေးနိုင်ပါသည်။

၄။ ကိုယ်ခံစွမ်းအား မြှင့်တင်ပါ။

အစာအုပ်စု သုံးအုပ်စုလုံး ပါဝင်အောင် သင့်တင့်မျှတစွာ စားသုံးခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားများပြုလုပ်ခြင်း၊ အချဉ်ဓာတ်ကြွယ်ဝသော၊ အမျှင်ဓာတ်များသော ဗီတာမင်စီပါဝင်သည့် အသီးအနှံ၊ ဆေးဝါးများ သုံးစွဲခြင်းဖြင့် ကိုယ်ခံစွမ်းအားကို မြှင့်တင်နိုင်ပါသည်။

ကိုယ်ခံစွမ်းအားမြှင့်တင်ခြင်းဖြင့် မဝင်သေးသောရောဂါများကို တားဆီးနိုင်ခြင်း၊ ဝင်လာသော ရောဂါများ၏ လက္ခဏာများကို ဆိုးဆိုးရွားရွား မခံစားရခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

၅။ ဆေးလိပ်ဖြတ်ပါ။

ဆေးလိပ်သောက်သုံးခြင်း၊ တစ်ဆင့်ခံ ဆေးလိပ်ငွေ့များရှူရှိုက်ရခြင်း(Passive Smoking) သည် အသက်ရှူလမ်းကြောင်းကို ဒုက္ခပေးကာ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ရောဂါပိုးများ ဝင်ရောက်ရန် အားပေးကူညီသည်။ ထို့ကြောင့် ဆေးလိပ်ဖြတ်ခြင်းဖြင့် ရောဂါခံစားရခြင်းကို လျှော့ချကာကွယ်ပေးနိုင်ပါသည်။

၆။ ကာကွယ်ဆေးထိုးပါ။

ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါဖြစ်ပွားမှု အကြိမ်အရေအတွက်၊ ခံစားရသော လက္ခဏာဝေဒနာများကို ထိရောက်စွာလျှော့ချကာကွယ်နိုင်ပါသည်။ ရောဂါမဖြစ်ပွားအောင် ကာကွယ်နေသည့်ကြားမှ ရောဂါဖြစ်ပွားခံစားရပါက

**၁။ ကောင်းမွန်စွာ အနားယူခြင်း။**

ဖျားနာနေသောအချိန်တွင် ခန္ဓာကိုယ်ကို အနားပေးကာ ကောင်းမွန်စွာ အိပ်စက်အနားယူသင့်ပါသည်။

အလုပ်တာဝန်များမှ ခတ္တခွင့်ယူကာ ကောင်းမွန်စွာ အနားယူခြင်းဖြင့် လျင်မြန်စွာ နာလန်ထစေနိုင်ပါသည်။

**၂။ ရေများများသောက်ပေးခြင်း။**

ဖျားပြီး ခန္ဓာကိုယ်အပူချိန်တက်လာသောအခါ ကိုယ်ခန္ဓာအတွင်းရှိ ရေဓာတ်များ အငွေ့ပြန်ခန်းခြောက်ကာ လူကိုနုံးခွေပင်ပန်းစေပါသည်။

ထို့ကြောင့် ရေဓာတ်ပြန်လည်ဖြည့်တင်းရန် ရေများများသောက်ခြင်း၊ အသီးအနှံဖျော်ရည်များများသောက်ခြင်း စသည်တို့ကို ပြုလုပ်ပေးသင့်ပါသည်။

သွေးတိုးရောဂါမရှိသောသူများတွင် ဓာတ်ဆားအတန်အသင့် သောက်သုံးနိုင်ပါသည်။ ကော်ဖီ၊ အရက်၊ လက်ဖက်ရည် သောက်သုံးခြင်းများကိုမူ ရှောင်ရှားသင့်ပါသည်။ ၎င်းတို့သည် ရေဓာတ်ဆုံးရှုံးမှုကို ပိုမိုဖြစ်စေနိုင်သောကြောင့်ဖြစ်သည်။

**၃။ ရောဂါလက္ခဏာများ သက်သာစေရန် နည်းလမ်းများ**

ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းများဖြစ်လျှင် လူကြီးတစ်ဦးအတွက် ပါရာစီတမော ၅၀၀ မီလီဂရမ် တစ်နေ့ သုံးကြိမ်အထိ သောက်သုံးပေးနိုင်သည်။ ခန္ဓာကိုယ်ကို ထိခိုက်စေနိုင်သော ဆရာဝန်ညွှန်ကြားချက်မပါသည့် ပိုးသတ်ဆေးများ၊ အစာအိမ်ထိခိုက်စေသော စပ်ဆေးများကို လုံးဝမသောက်သုံးသင့်ပါ။

အာသီးရောင် လည်ပင်းနာခြင်းအတွက် ဆားရည်ငုံကာ ပလုတ်ကျင်းပေးနိုင်ပါသည်။ လည်ပင်းနာသက်သာစေသော ဖျန်းဆေးများ၊ ငုံဆေးများသုံးခြင်းဖြင့်လည်း ခံစားနေရသော ဝေဒနာများ လျော့ပါးသက်သာစေနိုင်ပါသည်။

နှာစေးနှာပိတ်ခြင်းများအတွက် ဆားရည်နွေးအား နှာခေါင်းတွင်းသို့ အစက်ချကာ အသက်ရှူသွင်းရှူထုတ်ပြုလုပ်ပေးနိုင်သည်။ နှာခေါင်းတွင်း ဖျန်းဆေးများကိုလည်း အသုံးပြု၍ရပါသည်။ နို့စို့အရွယ်ကလေးများတွင် မိခင်နို့မစို့မီ Physiodose (saline) အစက်ချဆေးကို နှာခေါင်းပေါက်တစ်ဖက်စီတွင် တစ်စက်စီ ချပေးနိုင်သည်။ ကလေးကို အမြဲနွေးထွေးအောင်ထားခြင်း၊ ညအိပ်လျှင် ခေါင်းစွပ်ဝတ်ပေးခြင်း၊ ကလေးကို အာဟာရပြည့်ဝအောင် နို့များများတိုက်ပေးခြင်းဖြင့် လျင်မြန်ထိရောက်စွာ သက်သာစေနိုင်ပါသည်။

နင်းဘတ်စ် ကိုဗစ်မျိုးကွဲအန္တရာယ်ကို မိမိကစ ကာကွယ်ခြင်းဖြင့် ရောဂါကူးစက်ခြင်းမှ ကင်းဝေးကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ကိုဗစ်စဖြစ်ခါစအချိန်တွင် အနံ့ပျောက်ခြင်းသည် ထူးခြားချက်ဖြစ်သကဲ့သို့ နင်းဘတ်စ် ဗိုင်းရပ်စ်မျိုးကွဲ၏ ထူးခြားချက်မှာ လည်ချောင်းထဲတွင် ရှတတနာခြင်း (Razor Blade Throat) ဖြစ်သည်။ နင်းဘတ်စ်မျိုးကွဲသည် ယခင်မျိုးကွဲများထက် ကူးစက်လွယ်သောကြောင့် ကိုယ်ခံအားနည်းသူများ အထူးသတိထားသင့်သည်။ အပြင်သွားသည့်အခါတိုင်း နှာခေါင်းစည်းကို မဖြစ်မနေတပ်သင့်သည်။ ကာကွယ်ဆေးကို မဖြစ်မနေ ထိုးထားသင့်သည်။ နင်းဘတ်စ်မျိုးကွဲသည် မိမိကို ကူးစက်သည့်အချိန်တွင် ရောဂါမပြင်းထန်သော်လည်း မိမိအိမ်မှရှိ အသက်အရွယ်ကြီးပြီး ကိုယ်ခံအားနည်းသည့်လူကြီးများအား မတော်တဆ ကူးစက်ခံရပါက ပြင်းထန်နိုင်သဖြင့် ဝိုင်းဝန်းကာကွယ်ရန် အထူးလိုအပ်

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ် သင်တန်းပို့ချ

မော်လမြိုင် ဇွန် ၂၈

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက တောင်ဝိုင်းကုသိဏာရုံ ဗုဒ္ဓဝင်ဘုရားဝင်းအတွင်း သန့်ရှင်းသာယာရေးအတွက် ချုံနွယ်များ၊ မြက်များ၊ အမှိုက်များကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဘုရားဝင်းအတွင်း ဗုဒ္ဓဝင်ပြတိုက်နှင့် ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြန်လည်မွမ်းမံပြုပြင်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်းအခမ်းအနားကို မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ကျန်းမာရေးစမ်းသပ်စစ်ဆေး၊ ကုသပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မော်လမြိုင်မြို့ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)တို့တွင် ပင်စင်ထုတ်ယူနေသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၃၀၀ ကို အခြေခံစားကုန်ဖြစ်သော ဆန်တစ်ပြည်၊ ကြက်ဥ ၁၀ လုံး၊ တန်ဖိုးငွေအားဖြင့် ငွေကျပ်သိန်း ၃၀ နီးပါး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ် သင်တန်းတက်ရောက်နေကြသည်။ ပြည်နယ် ၁၀ မြို့နယ်မှ ကော်မရှင်အဖွဲ့ ခွဲရုံးအဆင့်ဆင့်မှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ အသီးသီးမှ အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၁၀၀ ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ သင်တန်းနည်းပြများက သင်တန်းပို့ချနေမှုကို သွားရောက်ကြည့်ရှု၍ ပြည်နယ်ဝန်ကြီးချုပ်က မကြာမီ ကျင်းပမည့်ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ မော်လမြိုင်မြို့ပေါ်ရှိ အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဝိမုတ္တိဉာဏ ဓမ္မဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ (မှော်ဘီ)က ဘဝတိုးတက်အောင်မြင်ရေး လူငယ်သုံးရက်အထူးတရားပွဲသို့ သွားရောက်၍ (၃၈)ဖြာ မင်္ဂလာတရားတော်၊ ကိုယ်ကျင့်သီလ တရားစခန်း သင်ကြားဖွင့်လှစ်ကျင်းပနေမှုကို သွားရောက်ကြည့်ညိုခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



## ဥတ္တရသီရိမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် တက်သိမ်းကျေးရွာ “အလင်းရောင်”စာကြည့်တိုက်နှင့် ပိုးစာတောကျေးရွာ “ပညာ့အားမာန်”စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

ဦးစွာ တက်သိမ်းကျေးရွာ “အလင်းရောင်”စာကြည့်တိုက်နှင့် ပိုးစာတောကျေးရွာ “ပညာ့အားမာန်” စာကြည့်တိုက် အဆောက်အအုံသစ်ကို ဥတ္တရသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားပြီး စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များ ပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ဥတ္တရသီရိမြို့နယ်အတွင်း စာကြည့်တိုက် စုစုပေါင်း ၁၁ တိုက် ဆောက်လုပ်ရန် လျာထားလျက်ရှိရာ စာကြည့်တိုက်ခုနစ်တိုက် ဖွင့်လှစ်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

## ကျိုက်မရောမြို့နယ်၌ မျိုးစပါးသွင်းအားစုများ ပေးအပ်

ကျိုက်မရော ဇွန် ၂၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစီမံကိန်းမိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများအား အထွက်တိုးမျိုး(အောင်နိုင်တိုး)နှင့် သွင်းအားစုများ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ကျိုက်မရောမြို့နယ်အတွင်း သွင်းအားစုမျိုးနှင့်မြေဩဇာများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှတင်မောင်က စိုက်ပျိုးရေဖူလုံစွာရရှိပြီး ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ မြေဩဇာစနစ်တကျအသုံးပြုရေးတို့ကို ရှင်းလင်းသည်။

ဆက်လက်၍ တာဝန်ရှိသူများက မိုးစပါးစီမံကိန်းအတွက် မိုးစပါးစိုက်ပျိုးမည့်သမဝါယမအသင်းသား တောင်သူ ၁၆၁ ဦးတို့အား မိုးစပါးစိုက်ဧက ၈၁၅ ဧကအတွက် မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျိုက်မရော(ပြန်/ဆက်)





## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၂၈

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ပုံပြော၊ ကျပန်း၊ ပန်းချီပြိုင်ပွဲများကို ဇွန် ၂၅ ရက်က အင်းစိန်မြို့နယ် ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အမျိုးသားရေးတာဝန်ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်အတွင်းရှိ (မူ၊ လယ်၊ ထက်) အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား စာစီစာကုံး၊ ကဗျာ၊ ပုံပြော၊ ကျပန်းနှင့် ပန်းချီပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဇယမင်္ဂလာ မဟာပရိတ်တော်များ




ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ) ဆရာတော် ရေးသားသည့် ဇယမင်္ဂလာ မဟာပရိတ်တော်များစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အခန်း(၁) ပရိတ်တော်သမိုင်းနှင့် မစ္ဆုပါ သမုတ္တိပဥ္စာ၊ အခန်း(၂) အနေကဇာတင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူခြင်း၊ အခန်း(၃) ရောင်ခြည်တော်ဘုရားပင့်ခြင်း၊ နတ်ဖြဟ္မာတို့ကို ဖိတ်ကြားခြင်း၊ အခန်း(၄) သီဟိုဠ်မဟာပရိတ်(၃၀)၊ အခန်း(၅) မြန်မာ ပရိတ်ကြီး(၁၁)သုတ်၊ အခန်း(၆) သီးခြားပရိတ် (၁၉)သုတ်၊ အခန်း(၇) မေတ္တာပို့နှင့် မေတ္တာခံယူခြင်း၊ အခန်း(၈) ဝိပဿနာဘာဝနာပွားများ ခြင်းဟူသော အခန်းရှစ်ခန်းပါဝင်သည်။

ဤဇယမင်္ဂလာ မဟာပရိတ်တော်များစာအုပ်တွင် လူ့ဘဝပေါင်းသင်း ဆက်ဆံနေထိုင်ကြရာ၌ ရှောင်ရန်အချက်များနှင့် ဆောင်ရန်အချက်များပါဝင်နေခြင်း၊ အန္တရာယ်ကင်းဝေး ရုံမျှမကဘဲ စိတ်အကြံအစည်များ ထမြောက်အောင်မြင်စေသော ဂုဏ်တော်များ စုံလင်စွာပါရှိခြင်း၊ ဗုဒ္ဓါနုဿတိ+ မေတ္တာ+ အသုဘ+ မရဏာနုဿတိဟူသော စတုရာရက္ခဘာဝနာအပြင် ဝိပဿနာဘာဝနာ ပွားများနည်း စုံလင်စွာပါရှိနေခြင်းတို့ကြောင့် ဝေပုပတ္တမြား (ဣစ္ဆာသယပတ္တမြား)ကဲ့သို့ လိုတရသောစာအုပ် ဖြစ်ပေသည်။

ဓမ္မဒါနအဖြစ် ထုတ်ဝေသည်။

## အညတရကဗျာနှင့် ခေတ်ပေါ်ကဗျာစုစည်းမှု




ဇော်ကျူးရေးသားသည့် အညတရကဗျာနှင့် ခေတ်ပေါ်ကဗျာ စုစည်းမှုစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် သံဝေဂကဗျာစု (၈)ပုဒ်၊ ဓမ္မပဒကဗျာစု (၆)ပုဒ်၊ အတုလ ကဗျာစု (၂)ပုဒ်၊ ပစ္စက္ခကဗျာစု (၆)ပုဒ်၊ ဝိသေသကဗျာစု (၅)ပုဒ်၊ နိယာမ ကဗျာစု (၁၀)ပုဒ်၊ သုခုမကဗျာစု (၅)ပုဒ်၊ သိင်္ဂါရကဗျာစု (၄)ပုဒ်၊ ဒဿန ကဗျာစု (၁၀)ပုဒ်၊ ပသာဒကဗျာစု (၇)ပုဒ်၊ သမုဒယကဗျာစု (၁၂)ပုဒ် စုစုပေါင်းကဗျာ (၇၅)ပုဒ် ပါရှိသည်။

သိင်္ဂါရကဗျာစုထဲမှ ချစ်ခြင်းများနဲ့ မနက်ဖြန်ကဗျာစုတွင် လူမှန်လျှင် ရှင်သန်လိုစမြဲမို့ ရှင်သန်လိုစိတ် ထက်သန်နေသရွေ့ မနက်ဖြန်တိုင်းဟာ နေ့တိုင်းရှိတယ်။ မနက်ဖြန်ဆိုတာ အသေအချာရှိလို့ ဒီတစ်နေ့အတွက်ပဲကြည့်ပြီး နောက်ဆုံးတွေ့ခြင်းနဲ့ ခွဲခွာရစ်ကြမလား နောက်ဆုံးတစ်နေ့အထိ မခွဲမခွာချစ်ကြမလား။

ဘဝတစ်ကွေ့ ခဏတွေ့ကြခိုက်မှာ တစ်သက်တာ မေတ္တာမပျက်ဘဲ တွဲလက်များမြဲသထက်မြဲစွာ ဆက်ထားကြဖို့သာဟု ဖော်ပြထားသည်။

စာရေးသူက ကဗျာဆိုသည်မှာ နှလုံးသည်းပွတ်က တိမ်းညွတ်ယိုစီးကျ လှပစွာရေးသီ အတွေးပန်းချီ ဖွဲ့ကာနွဲ့ နူးညံ့တဲ့စာလွှာ ရင်ဘတ်ထဲကလာခဲ့ရင် အဲဒါဟာ ကဗျာပဲဟုဆိုသည်။

စာအုပ်ကို ဇော်ကျူးမီဒီယာ ဖုန်း ၀၉၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

## ၂၀၂၅ ခုနှစ်၊ ဇွန်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေး လာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီ အကြောင်းရပ်များနှင့် ယခုလအတွက်ဖော်ပြသည့် “စာပေအနုပညာမူပိုင်ခွင့်ဥပဒေအကြောင်း သိကောင်း စရာ” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇွန်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဇွန်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ခင်မောင်အေးတို့၏ “စာပေအနုပညာမူပိုင်ခွင့်ဥပဒေ အကြောင်း သိကောင်းစရာ” မျက်နှာဖုံးဆောင်းပါး များ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ မောင်ခင်ညို (မန်းတက္ကသိုလ်)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ အေးထွန်းမင်း၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါး၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)၊ ရှင်စောဖြူတို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါး များ၊ ဦးဦးသိန်း၊ ကိုကိုအောင်(အလုပ်သမား)တို့၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ စောနိုင် (အသုံးချဘောဂဗေဒ)၊ စံမြတ်ဘုန်း(စစ်ကိုင်း)တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာ ကောင်းစံ၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ မြသာဝင်း၏ ကျန်းမာရေးဆိုင်ရာဆောင်းပါး၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းနွယ်၊ စိန်ဝင်းမော်၊ မြသိန်း၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ မောင်နီအောင်၊ ကြည်လွင်ဦး (ရေနံ)၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ် တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ်၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်း ဈေး နေပြည်တော်စာအုပ်ဆိုင် ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည် လမ်း ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ တွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း၊ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

## မြန်မာတို့၏ နိုင်ငံရေးခရီးလမ်းမကြီးနှင့် ငြိမ်းချမ်းရေးမှတ်တိုင်များ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေ ရေးဦးစီးဌာန စာပေဗိမာန်က စာရေးဆရာ တက္ကသိုလ် မြတ်သူ၏ “မြန်မာတို့၏ နိုင်ငံရေးခရီးလမ်းမကြီးနှင့် ငြိမ်းချမ်းရေးမှတ်တိုင်များ” စာအုပ်ကို ဖြန့်ချိရောင်းချ လျက်ရှိသည်။

မြန်မာနိုင်ငံသည် ၁၈၈၆ ခုနှစ်မှစတင်ကာ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဘဝမှ ထီးကျိုး စည်ပေါက် နယ်ချဲ့လက်အောက်သို့ နေ့ချင်းညချင်း ကျရောက်ကာ လွတ်လပ်သောအချုပ်အခြာပိုင်နိုင်ငံ အဖြစ်မှ လက်အောက်ခံနိုင်ငံဘဝသို့ နိမ့်ဆင်းသွားခဲ့ရ ပေသည်။ ထိုကာလမှစတင်ကာ တိုင်းရင်းသားတို့က ရရာလက်နက်စွဲကိုင်တော်လှန်ခြင်း၊ လွတ်လပ်ရေး ကြိုးပမ်းခြင်းတို့ကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက် ခဲ့ကြသောကြောင့် ၁၉၄၈ ခုနှစ်တွင် မြန်မာ့လွတ်လပ် ရေးအောင်ပန်းကို လှမ်းကိုင်နိုင်ခဲ့ကြပေသည်။ ရရှိခဲ့ပြီးသောလွတ်လပ်ရေးနှင့်အတူ နိုင်ငံချင်း အတူတူ တင့်တယ်စွာ လျှောက်လှမ်းဖြတ်သန်းနိုင်ရေး ကြိုးပမ်းခြေလှမ်းစနေစဉ်မှာလည်း ပြည်တွင်း တစ်ဖိုလ်တစ်မင်းလုပ်ဆောင်လိုသူ၊ အမြင်မတူ ရန်သူ ခြေလှမ်း လှမ်းလျှောက်လိုသူများနှင့် ပြည်ပ ပယောဂ တို့ကြောင့် တိုင်းပြည်၏လွတ်လပ်ရေး အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့သည်လည်း ကြိမ်ဖန်များစွာ စိန်ခေါ် ခံနေခဲ့ရပေသည်။

မျက်မှောက်ကာလအထိ လက်နက်စွဲကိုင် နေကြဆဲဖြစ်သည့် အဖွဲ့အစည်းအချို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် လာရာနှင့် လားရာတို့ကို စေ့စေ့ငုငု သိရှိမှတ်သားနိုင်စေရန်လည်းကောင်း၊ သင်ခန်းစာ ယူနိုင်ရန်အလို့ငှာလည်းကောင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုမှတ်တိုင်များစွာကို မျိုးဆက် အဆင့်ဆင့် လက်ဆင့်ဝေငှနိုင်ရန်လည်းကောင်း စသည့်ရည်ရွယ်ချက်ဖြင့် “မြန်မာတို့၏ နိုင်ငံရေးခရီး လမ်းမကြီးနှင့် ငြိမ်းချမ်းရေးမှတ်တိုင်များ” စာအုပ် ကို ဆရာကြီး တက္ကသိုလ်မြတ်သူက ပြုစု၍ စာပေဗိမာန်က ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်း ကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိစာပေဗိမာန် ကိုယ်စား လှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည် လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁- ၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင် ကြောင်း သိရသည်။

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် ဇွန် ၂၈**

တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ် ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားကို ဇွန် ၂၇ ရက် နံနက်ပိုင်း က ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီး ချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့် တာဝန်ရှိသူများ၊ အသင်း အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစား သမားများနှင့် အားကစားဝါသနာ ရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က အမှာစကားပြောကြားကာ မြို့နယ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး)ပိုက်ကျော်ခြင်းပြိုင်ပွဲ စတင်ဖွင့်လှစ်ပေးပြီး တက်ရောက် လာသူများနှင့်အတူ အမျိုးသား သုံးယောက်တွဲ ပြိုင်ပွဲအဖြစ် တနင်္သာရီမြို့နယ် အသင်းနှင့် ဘုတ်ပြင်းမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှု အားပေးသည်။

တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ပိုက်ကျော် ခြင်းပြိုင်ပွဲတွင် အမျိုးသား ၁၀ သင်း၊ အမျိုးသမီး လေးသင်းတို့က အုပ်စု များဖွဲ့၍ ဇူလိုင် ၁ ရက်အထိယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရ သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



ဝတ္ထုတို




## ကနောင်(ပခန်းမြေ)

**အခန်း [ ၁ ]**

မြို့၏ အစွန်ဖြစ်သော ဆင်ခြေဖုံး ရပ်ကွက်ပေမို့ လူပေါင်းလည်းစုံသလို စရိုက်ကလည်းစုံလှ၏။ များသောအားဖြင့် ထိုရက်ကွက်လေးတွင် သာမန်အခြေခံ လူတန်းစားအများစု နေထိုင်ကြသည်။ လမ်းဘေး မြေလွတ်နေရာများပေါ်၌လည်း မိုးကာဖြင့် တဲထိုးလျက် ကျူးတဲလေးများနှင့် ဖြစ်သလိုနေကြသူများလည်းရှိသည်။ သည်အရပ်ဌာနနှ် နေသလို ဖြစ်သည့်ဘဝနှင့် ဖြစ်သလိုနေထိုင်ကြရသည့် သာမန်လက်လုပ်လက်စား ဘဝသမားများစွာတို့ ခြေကုပ်ယူ၍ နေထိုင်ကြလျက်ရှိသည်။

အချို့က ဆိုက်တွဲနင်းကြပြီး အချို့က ကယ်ရီဆွဲကြသည်။ ပန်းရန်လုပ်သူများ၊ အထွေထွေလုပ်သားများ၊ ကူလီထမ်းသူများ၊ အမှိုက်ကောက်၍ အသက်မွေးဝမ်းကျောင်းပြုသူများဖြင့် သူ့အရပ်သူ့ဇာတ်ပမာ စည်ကားလျက်ရှိပေ၏။ ထိုသို့သော ဘဝများစွာထဲတွင် ကိုချက်ဖောင်းနှင့် မမဲတူတို့ လင်မယားနှစ်ယောက်လည်း အပါအဝင်ဖြစ်၏။

**အခန်း [ ၂ ]**

ကိုချက်ဖောင်းနှင့် မမဲတူတို့တွင် သုံးတန်းအရွယ် ကလေးတစ်ယောက်နှင့် လေးနှစ်ကျော်အရွယ် ကလေးငယ် တစ်ယောက်လည်းရှိပေ၏။ ကိုချက်ဖောင်းက ရပ်ကွက်ထဲတွင် ကြုံရာကျပန်း အလုပ်မှန်သမျှ အကုန်လုပ်သည်။ မမဲတူက လည်း ထိုနည်းလည်းကောင်းပင်။

ညနေမိုးချုပ်စ ကိုချက်ဖောင်း အလုပ်မှ ပြန်လာပြီဆိုသည်နှင့် ညနေခင်း၏ အိမ်တွင်းရေး ပဋိပက္ခဖြစ်သည့် ဆဲဆိုသံ၊ ထုသံ ထောင်းသံများကို နေ့စဉ်ကြားရစမြဲ ဖြစ်၏။ ယခုလည်း ကိုချက်ဖောင်းတို့ အိမ်ထဲဆီမှ လင်မယားရန်ဖြစ်သည့်အသံများက ရပ်ကွက်လေးထဲတွင် အတိုင်းသားကြားခဲ့ရပြီဖြစ်၏။

"တောက် ဒီမိန်းမကွာ နေဝင်လို့ မိုးချုပ်တာဖြင့်ကြာပြီ အခုထိ ထမင်းတစ်အိုးမကျက်သေးဘူး၊ ဘယ်အငယ်အနှောင်းတွေနဲ့ အလေလွင့်သွားနေတယ်မသိ၊ ထမင်းချိန်မသိ ဟင်းချိန်မသိ"

"တော် မူးလာရင် အေးဆေးနေနော်၊ အိမ်ရောက်တာနဲ့ အမြဲပြဿနာရှာတာပဲ၊ ကျုပ်မှာလည်း ရတဲ့ပိုက်ဆံလေးနဲ့ အဆင်ပြေအောင် ချက်ပြုတ်ကျွေးနေတာပဲကို"

မမဲတူက မီးဖိုချောင်ဝင်ရ၍ ပူရသည့်အထဲ ကိုချက်ဖောင်း၏ စကားကြောရှည်မှုကြောင့် နားပါပူရသောအခါ စိတ်မရှည်။ နေ့တိုင်း နေ့တိုင်းလို အရစ်ခံရ၊ နေ့တိုင်းနီးပါးလည်း ရန်ဖြစ်စကားများရ၊ ယခုလည်း မမဲတူ ကိုချက်ဖောင်းကို ပြန်၍ ပြောမိရပြန်သည်။

"ကိုချက်ဖောင်းရယ် တော့်ကို ကျုပ် ခဏခဏလည်း ပြောခဲ့ရပေါင်းများပြီ။ တော် အရက်ကိုကြိုက်လို့ သောက်ရင်လည်း အပြင်ဆိုင်မှာပဲ သောက်ရင် တော်ရောပေါ့၊ တော် မွေးထားတာက သားရောသမီးရော၊ ကလေးတွေကိုလည်း ငဲ့ကြည့်ဦးမှပေါ့၊ အတုမြင် အတတ်သာ သင်လို့ကတော့ ကျုပ်သားလေးဘဝ နစ်မွန်းရချည်ရဲ့"

"တော် တိတ် မိကျောင်းမင်းရေခင်း ပြမနေနဲ့၊ ငါအရက်သောက်တယ် ဘာဖြစ်လဲ၊ ငါ့ကို ဆရာလာလုပ်မနေနဲ့ ငါလုပ်လိုက်လို့ နင် … "

ချက်ဖောင်းစကားမဆုံးခင်၊ မမဲတူက လက်ထဲမှမီးပလွေဖြင့် လှမ်းပစ်လိုက်ပြီး ထဘီကို တိုအောင်ပြင်ဝတ်ကာ ခါးထောက်လျက်နှင့် ကိုချက်ဖောင်းကို ရန်ပြန်တွေ့လေသည်။

"တော်က ကျုပ်ကို ဘာလုပ်ချင်တာတုံး။ မဲတူတဲ့ တစ်တူပဲ ရှိတယ်။ နှစ်တူရှိလို့ကတော့ တစ်တူကို မီးဖိုထဲရောထည့် ထင်းဆိုက်ပစ်လိုက်မယ်။ လာမစမ်းနဲ့ ပွဲကြမ်းဖို့က အသင့်ပဲ"

"ခွမ်း"

မမဲတူစကားဆုံးသည်နှင့် ကိုချက်ဖောင်းက လက်ထဲမှအရက်ပုလင်းကို ရိုက်ခွဲလိုက်သည်။ မမဲတူကို စကားရှည်ရန်ကောဟု စိတ်ဆိုးဒေါသဖြစ်လျက် ထိုးဖို့ လုပ်လေသည်။

"ဒီမိန်းမ ငါ့ကိုများ စိတ်လာဆွနေတယ်၊ သေမယ်မပြေးနဲ့"

ယိုင်တိယိုင်တိုင်ဖြင့် ကိုချက်ဖောင်းက မမဲတူကို ရန်ပြုဖို့လိုက်လေ၏။ ထိုအခါ မမဲတူခမျာ အိမ်ထဲမှထွက်၍ ပြေးရလေသည်။ သားအကြီးကောင်လေးက ကလေးထိန်းလျက်ဖြင့် ငို၍အော်ပြောရှာသည်။

"ဖေဖေ၊ မေမေ့ကို မလုပ်ပါနဲ့။ ဖေဖေ၊ မေမေ့ ကိုမလုပ်ပါနဲ့ အီး ဟီး ဟီး ဖေဖေ့ကို တားကြပါဦးဗျာ"

ထိုအခါ အိမ်နီးနားချင်းတွေက ထွက်လာကြပြီး အမျိုးသားတွေက ကိုချက်ဖောင်းကို ဝိုင်းဝန်းထိန်းကြသည်။ အမျိုးသမီးတွေက မမဲတူကို ခေါ်ထားပြီး ဖြန်ဖြေပေးကြရလေ၏။ အရပ်ကူ၍ လူဝိုင်းလိုက်သောအခါ ထုံးစံအတိုင်း ကိုချက်ဖောင်းတို့ အိမ်တွင်းမီးလေးသည် ယနေ့အဖို့ ငြိမ်းသွားရပြန်၏။ ဒါသည် နေ့စဉ်သမားရိုးကျ ဖြစ်လေ့ရှိသော သည်အရပ်၊ သည်ဒေသ၏ ဘဝပြဇာတ်တစ်ပုဒ်ပင်ဖြစ်၏။ ပတ်ဝန်းကျင်က ကိုချက်ဖောင်းကို မပြောဝံ့ကြသော်လည်း မမဲတူကိုတော့ သနားစာနာမိကြလေ၏။

**အခန်း [ ၃ ]**

"မဲတူရယ် ညည်းခမျာလည်း လင်ဆိုးမယား တဖားဖားဆိုသလို ကိုချက်ဖောင်း နှိပ်စက်တဲ့ဒဏ်ကို အမြဲ ဒီလိုပဲခံသွားတော့မှာလား"

ထိုသို့ ပတ်ဝန်းကျင်က ဆိုလာလျှင် မမဲတူခမျာ လင်တော်မောင် ကိုချက်ဖောင်းကို ဖာဖာထေးထေးဖြင့် ကာကွယ်ပြောဆိုပေးမိပြန်လေ၏။

"ကိုချက်ဖောင်းက မူးနေတုန်း သွေးဆိုးတာပါအေ၊ ပုံမှန်ချိန်ဆို ကိုချက်ဖောင်းက စိတ်ရင်းကောင်းရှာပါတယ်"

"တို့ကတော့ ဘေးကနေ ခံရခက်လိုက်တာ မဲတူမရယ်။ ကိုချက်ဖောင်းကို ကွာရှင်းပြီး ညည်းမိဘအိမ် ကလေးတွေနဲ့ ပြန်နေတာကမှ လင်ပေးတဲ့ဒုက္ခဝဋ်က ညည်းလွတ်မြောက်ပါဦးမယ်"

"အဲဒီလိုကျပြန်တော့ ကလေးတွေက ရှိသေးတယ်လေတော်။ မိရယ်၊ ဘရယ် အစုံရှိပါလျက်နဲ့ တစ်ယောက်ယောက်ကိုမှ မတွေ့ရမမြင်ရနဲ့။ အဖေရယ်၊ အမေရယ် ခေါ်စရာမရှိရင် ကလေးတွေအတွက် ဘယ်ကောင်းပါ့မလဲအေ။ ကျုပ်သားသမီးလေးတွေကို မြေဇာမြက် အဖြစ်မခံနိုင်လို့ ကိုချက်ဖောင်းကို ကျုပ် သည်းညည်းခံပေါင်းသင်းနေရတာပေါ့တော်"

ထိုသို့ ဆိုပြန်တော့လည်း မမဲတူစကားက ဟုတ်သလိုလိုရှိသည်။ သားသမီးတွေအတွက် မိခင်မေတ္တာစိတ်အပြည့်ဖြင့် ရင်ထဲအရှိအတိုင်း ပြောဆိုမိနေခြင်းဖြစ်၏။ ကမ္ဘာပေါ်တွင် မိခင်ဖခင် ရှိပါလျက်နှင့် မိဘနှင့် အတူနေခွင့်မရ၊ တကွဲတပြားဖြစ်ကြရသည့်ကလေးတွေ များစွာရှိကြသလို စွန့်ပစ်ခံရသည့် ကလေးများစွာလည်း ရှိကြသည်။ ဒါသည် အိမ်ထောင်ရေးနှင့် ဘဝကို တန်ဖိုးမထားကြ၍ ဖြစ်သည်။ ထိုအခါ ကလေးတွေခမျာ မြေဇာမြက်ဖြစ်၍ ကြားထဲက အဖေ အမေ ခေါ်စရာမဲ့ဖြစ်ကုန်ကြလေ၏။

မိဘမမဲ့ပါပဲ "မိဘမဲ့"ဆိုသည့် ခေါင်းစဉ်အောက်တွင် ကျရောက်ခဲ့ကြရသည်။ အိမ်ထောင်ရှင်တွေတိုင်းသာ အိမ်ထောင်ရေးကို တန်ဖိုးထားကြပါလျှင် မိဘမဲ့ဂေဟာများ ပေါ်လာစရာအကြောင်းမရှိပေ။ သို့သော် တစ်ဖက်က ပြန်တွေးကြည့်ပြန်တော့ ကမ္ဘာတစ်ဝန်း "မိဘမဲ့" မေတ္တာဂေဟာများ ပေါ်ပေါက်လာခြင်းသည် မိဘတို့၏ စွန့်ပစ်ခြင်းကိုခံရသည့် ကလေးများအတွက် ခိုလှုံရာအရိပ်တစ်ခု ရပေ၏။

အိမ်နီးချင်းနှင့် စကားကောင်းနေခိုက် အိမ်ရှေ့သို့ ဆိုက်တွဲတစ်စီးထိုးရပ်တာ ကြားလိုက်ရသည်။ ဆိုက်တွဲပေါ်မှ ဆင်းလာသည်က မမဲတူ၏အမေ ဒေါ်မြညို ဖြစ်လေသည်။ ဒေါ်မြညိုသည် ဆိုက်တွဲခ ရှင်းပြီး အိမ်ထဲဝင်လာပြီးသည်နှင့်....

"ဟဲ့ မဲတူ ညည်းတို့လင်မယား ရန်ဖြစ်ကြပြန်တယ်ဆို၊ အားနေရန်ချည်းဖြစ်နေကြတယ် ထင်ပါရဲ့။ နင်တို့တွေအတွက် ငါရင်လေးတယ် မဲတူရယ်၊ ဟဲ့ ငါ့မြေးလေးတွေ အဖွားဆီလာကြပါဦးအေ"

လူသတင်း လူချင်းဆောင်၍ အမေတို့ဆီသို့ သတင်းကရောက်သွားသည်။ အခုပဲ အိမ်ပေါ်ရောက်လာသည့် အမေက တဗျစ်တောက်တောက် ပြောဆိုရင်း သူ့မြေးနှစ်ယောက်ကို ပါလာသည့်မုန့်များကို ခွဲ၍ကျွေးနေသည်။

"အမေကလည်း သူ့မြေးတွေအဖို့ကျ မုန့်ပါတယ်၊ သမီးအတွက်ကျ မပါဘူးလား"

"ပါပါ့တော် ပါပါ့ ရော့ရော့၊ ဟိုကောင် ချက်ဖောင်းရော မမြင်ပါလား"

မိခင်ဖြစ်သူက မမဲတူအတွက်မုန့်ထုပ်ကို ကမ်းပေးရင်း အိမ်မှာမမြင်သည့် ကိုချက်ဖောင်းကို မေးလေသည်။

"အမေ့သားမက်က သိတဲ့အတိုင်း မူးလာရင် သွေးဆိုးတတ်တာပဲ။ ပြီးတော့လည်း သူမဟုတ်တဲ့အတိုင်းပါပဲ၊ အခုလည်း ညကကျန်တဲ့ ထမင်းကြမ်းကြော်လေး စားပြီး အလုပ်ထွက်သွားလေရဲ့"

"အင်း ညည်းတို့နှစ်ယောက်နဲ့ ငါ့မြေးလေးတွေတော့ မလွယ်ပါဘူး။ ငါပြန်ရင် ငါ့မြေးလေးတွေကို တစ်ပတ် ဆယ်ရက် ခေါ်သွားမယ်။ ညည်းလည်း လိုက်ချင်တစ်ခါတည်းလိုက်ခဲ့"

"အမေ့မြေးတွေ အမေခေါ်သွားချင် ခေါ်သွား၊ သမီးကတော့ လိုက်လို့မဖြစ်ဘူး အမေ၊ ကိုချက်ဖောင်းက သမီးမရှိရင် မဖြစ်ဘူး အမေရေ"

"အေး ဝဋ်ရှိတော့လည်း ခံပေါ့အေ၊ ကလေးတွေကို လာမခေါ်နဲ့၊ တစ်ပတ်ဆယ်ရက်နေရင် ငါပြန်လာပို့မယ်၊ သူ့အဘိုးကလည်း မြေးတွေလွမ်းလို့ ငါလာခေါ်တာ"

နေ့လယ်ပိုင်းအချိန်တွင် ဒေါ်မြညို ပြန်သွားသည့်အခါ မြေးနှစ်ယောက်ကို အပါခေါ်သွားလေ၏။ မမဲတူလည်း ရှိသည့် ထမင်းနှင့် ဟင်းလေးကို ခူးခပ်ပြီး စားပွဲခုံပေါ်တင်ထားလိုက်သည်။ အပေါ်က အုပ်ဆောင်းလေးပေါ်သို့ ပုဆိုးစုတ်လေးကိုလွှား၍တင်ထားလိုက်၏။ ကိုချက်ဖောင်း ပြန်လာလျှင် စားဖို့အဆင်သင့်ပင်။ မမဲတူက ဒေါ်မြညိုနှင့်အတူ ထမင်းလက်ဆုံ တစ်လုတ်တစ်ဆုပ် စားပြီးပြီဖြစ်၏။ ထို့ကြောင့်လမ်းထိပ်က တိုက်အိမ်ကြီးမှ အဝတ်လျှော်ရန်ခေါ်ထား၍ တဘက်အနွမ်းလေးကို ခေါင်းပေါ်ခေါက်တင်ပြီး ထွက်လာခဲ့တော့သည် ။

**အခန်း [ ၄ ]**

"ဟဲ့ မဲတူ နင်ငါ့သားနဲ့ သမီးလေးကို ဘယ်ပို့လိုက်ပြန်ပြီလဲ"

"မနက်က အမေလာခေါ်သွားတယ်။ တစ်ပတ် ဆယ်ရက်နေရင် ပြန်လာပို့မယ်တဲ့"

ညနေ မမဲတူ အိမ်ပြန်ရောက်တော့ ကိုချက်ဖောင်းက ရောက်နှင့်နေပြီဖြစ်သည်။ သောက်စားပြီး တစ်ရေးတစ်မောအိပ်ရာမှ နိုးလာသောအခါ ကလေးတွေကိုမတွေ့၍ မမဲတူကိုမေးလေ၏။

"ငါ အရက်သောက်ဖို့ အရက်ဝယ်ပေးမယ့် ငါ့သားလေး မရှိတော့ သာဝတို့ဆိုင်ကို နင်သွားပြီး အရက်ဝယ်ပေးစမ်း မဲတူ"

အလုပ်ကအပြန် အိမ်ထဲဝင်ခါရှိသေး၊ ကိုချက်ဖောင်းက မမဲတူကို အရက်ဝယ်ခိုင်းသည်။ မမဲတူ ဒေါသဖြစ်သွားမိ၏။ ထို့ကြောင့် ကိုချက်ဖောင်းကို ပြန်ပြောမိရပြန်လေပြီ။

"တော့် ခြေထောက် မပါဘူးလား။ ကိုယ်သောက်ချင်တာ ကိုယ့်ဘာသာသွားဝယ်သောက်ပါလား၊ ကိုယ်သောက်မယ့်အရက်ကို မိန်းမဝယ်ခိုင်းရတယ်လို့ အံ့ဩလို့ကို မဆုံးဘူး"

"တယ် ဒီမိန်းမက စကားကြောရှည်နေ၊ ကဲဟာ"

"အား အမယ်လေး သေပါပြီတော်"

ကိုချက်ဖောင်းက အနီးရှိ အရက်ပုလင်းခွံဖြင့် ပစ်ပေါက်လိုက်၍ မမဲတူခမျာ လက်နှင့်ကာသော်လည်း လက်ကောက်ဝတ်အရိုးကို ထိသွားသည်။ နာလွန်း၍ အမယ်လေးတလျက် အော်ယူရလေ၏။

"ကိုချက်ဖောင်း တော် တော်တော် တရားလွန်လာပြီနော်"

"လွန်တယ်ဟာ၊ လွန်တော့ဘာဖြစ်လဲ။ နင်နော် ငါလုပ်လိုက်ရင် သေတော့မယ်၊ နင်သတိထားနေ အေ့ ငေ့"

အရက်နံ့ တထောင်းထောင်းဖြင့် မမဲတူကို လက်ညှိုးထိုး၍ ကြိမ်းမောင်းပြီး ကိုချက်ဖောင်းသည် ဒယီးဒယိုင်ဖြင့် အိမ်ထဲမှ ထွက်သွားလေတော့၏။

**အခန်း [ ၅ ]**

"မဲတူရယ် နင့်ခမျာလည်း လင်ဆိုးမယား တဖားဖားဆိုသလို ဝဋ်ကလည်းကြီးလိုက်တာ။ ချက်ဖောင်းလုပ်စာကိုလည်း ဟုတ်တိပတ်တိစားရတာမဟုတ်၊ နင့်အပေါ် ဒီလောက်ထိ အမြဲအနိုင်ကျင့်နှိပ်စက်နေတာ ကိုယ့်ကလေးတွေကို ခေါ်ပြီး ထွက်သွားတာကမှ နင် သူ့ဝဋ်က ကျွတ်ဦးမယ်"

ထိုစကားတွေကို ဆွေမျိုးများနှင့် အိမ်နီးချင်းများက ပြောပေါင်းဆိုပေါင်း လည်းများခဲ့ပြီ။ သနားစာနာ၍ ပြောလာကြပါသော်လည်း မမဲတူခမျာ မလိုက်နာနိုင်ခဲ့၊ "ကိုယ့်ဝမ်းနာ ကိုယ်သာသိ" ဆိုသလို ကလေးတွေကြီးလာလျှင် အဖေခေါ်စရာ မရှိမှာလည်း စိုးရသည်။ ထို့ကြောင့် အများတကာ၏ စာနာ၍ ပြောဆိုလာကြသည့်အကြံပြုစကားများကို မမဲတူခမျာ စကားအလှဖြင့်သာ ကြည့်ကောင်းအောင် ပြန်ပြောခဲ့ရစမြဲဖြစ်၏။

"ကျုပ်မရှိရင် သူပိုဆိုးသွားမှာပေါ့။ ထင်ရာလုပ်၊ ထင်ရာသွား အပေါင်းအဖော်တွေနဲ့ ပျော်ပါးပြီး ပိုသောက်နေရင် သူပဲ ဒုက္ခပိုရောက်သွားမှာ။ ကျုပ်ရှိနေတော့ အိမ်ပြန်လာရကောင်းမှန်းသိသလို သားတွေ သမီးတွေ ရှိသေးမှန်းလည်း သိရှာတယ်၊ တစ်နေ့နေ့မှ သူအသိလေးရလာပြီး ကလေးတွေအတွက် ပြုပြင်လိမ့်မှာလာနိုင်မလားရယ်လို့ ကျုပ်မျှော်လင့်မိတာပဲ။ ကျုပ်အဖို့တော့ ကိုချက် မကောင်းရင်နေပါစေ၊ ကလေးတွေအတွက် ဖခင်ကောင်း ဖြစ်လာနိုင်ရင် ကျုပ်ပေါင်းသင်းရကျိုးနပ်ပါတယ်တော်"

ထိုသို့ မမဲတူဆီက တုံ့ပြန်ပြောဆိုလာလေတိုင်း ပတ်ဝန်းကျင်နှင့် ဆွေမျိုးများက လက်လျှော့ သွားကြရသည်ချည်းဖြစ်၏၊ မမဲတူလိုမိခင်မျိုးလည်း လောကကြီးထဲမှာ ရှိသေးပါလားဟု တွေးမိလိုက်ကြရသည်သာဖြစ်၏။ မမဲတူခမျာ လင်တော်မောင်ဆိုးသော်လည်း ကလေးတွေအဖို့ ပြုပြင်ကောင်းမွန်လာနိုးဖြင့် မျှော်တလင့်လင့်ဖြင့် အိမ်ထောင်ရေးကို မပြိုမကွဲခိုင်မြဲအောင် တည်ဆောက်နေဆဲဖြစ်ပေ၏။ ။

## လမြတ်ဝါဆို

✦ သားသမင် ဘေးမဲ့ပေး တဲ့
ပန်းစုံမွှေးတဲ့ မိဂဒါဝုန်။
နေသူရိန် ကွယ်ပျောက်စ
ထွန်းစ လယုန်။
ဟောကြားကွဲ့ ဓမ္မအဟုန်
ငါးပါးစုံ ထေရဟန်း။
တရားစည် ရိုက်ခါတီး တယ်
တုန်ဟည်း မြေနန်း။
သာသနာ အစဉ်ဆက်
ထိုနေ့ရက် အမွန်ပါ၊
ပဥ္စင်းခံ ဝါဆိုပွဲတို့
မစဲ ချိန်ခါ။
ပုန်းညက်နှင့် မြတ်လေးမှာ
ဝတ်ဆံညှာနှင့် အပွင့်ဖူး၊
ခါရာသီ ကရကဋ်နှင့်
ရက်မြတ်ကွယ်ထူး။
ဒါနကို သဒ္ဓါတွဲ ပါလို့
သီလလည်း ဆောက်တည်လို၊
ဓမ္မစကြာ အခါနေ့
လပြည့်ဝန်းကြို။
လမြတ်ကွဲ့ ဝါဆို
ထိုကုသိုလ် အခွင့်ကောင်း၊
တရားတော် နာကြား ရအောင်
သွားကြစို့ကျောင်း။ ။

အလင်္ကာ(ပွင့်ဖြူ)

## မြန်မာအမျိုးသမီးများ

✻ ချိတ်ထဘီ ရင်ဖုံးနဲ့
ဆင်ထုံးဖွဲ့ ရိုးရိုးယဉ်၊
ပါးပြင်မှာ သနပ်ခါး
ရှက်အားပိုလွှင်၊
ဣန္ဒြေရှိ သိက္ခာရှင်
လှဂုဏ်အင် သဘာဝ၊
မြင်မြင်သူ ရွှေရင်အေးအောင်
ယဉ်ကျေးကာလှ။
✻ ပြုံးမျက်နှာ ချိုမြမြ
ပျိုအလှ ကွမ်းတောင်ကိုင်၊
ကာလသား လူပျိုတစ်သိုက်က
ကြိုက်ကြပြိုင်ဆိုင်၊
မေတ္တာတရား မြဲစိတ်ခိုင်
မယိမ်းယိုင် သဒ္ဓါလွှမ်း၊
ဖေးကူညီ စိတ်ထားလှ
ပြည့်ဝဉာဏ်စွမ်း။
✻ လောကခံ ဘယ်သို့ကြမ်း
ပင်ပန်းမှု ဖြတ်ကျော်ကာ၊
နိုင်ရာဝန် ကိုယ်စီထမ်းလို့
ရှင်လန်းကာသာ၊
အမျိုးသမီးများ ဂုဏ်ထည်ဝါ
မှုန်နံ့သာ မပျက်ယွင်း၊
တို့မြန်ပြည် ဖွံ့ဖြိုးစေဖို့
ကြိုးစားကာ အစွမ်းပြတယ်
လှပရည်ချင်း။ ။

ကိုရွှေတောသား(ဆင်ကူး)

ဆောင်းပါး

# အမြင်တွေကို ပြောင်းလဲလိုက်ပါ

## မောင်ကြည်လင်(ရွှေကြိုးကြာ)

ကျွန်တော်တို့အားလုံး လူ့သဘာဝအရ တစ်ပါးသူ၏အကြောင်းကို တွေးတောဆန်းစစ်နေတတ်ကြပါသည်။ “ဟိုလူကတော့ ဘယ်လို၊ သူက စိတ်ခတ် မကောင်းဘူး”စသည်ဖြင့် ပြောဆိုလျက် တစ်ပါးသူကို စိတ်ဝင်စားတတ်ကြပါသည်။ “သူတို့ဘာလုပ်နေကြလဲ မသိဘူး” ဟူသောအတွေးနှင့် အကြောင်းရှာဝေဖန်နေတတ်ကြပါသည်။ ကျွန်တော်တို့အားလုံး “ငါအခု ဘာလုပ်နေတာလဲ”ဟု မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ရန် မေ့နေတတ်ကြပါသည်။

ကျွန်တော်တို့ပိုင်ဆိုင်သော လူ့ဘဝသည် မုန်တိုင်းကြားတွင် ပေါက်နေသည့်သစ်ပင်ငယ်လေး တစ်ပင်နှင့်တူပါသည်။ သစ်ပင်လေးသည် မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံ၍ မိမိဘဝရှင်သန်အောင် ကြိုးစားကြရသည်။ ကျွန်တော်တို့လူသားများသည်လည်း အခက်အခဲဟူသောမုန်တိုင်းဒဏ်ကို ခံကြရပါသည်။ ထိုအခါတွင် သန်မာသောစိတ်၊ ကြံ့ခိုင်သောနှလုံးသားကို အားပြုလျက် ရှေ့ဆက်ကြရန် လိုအပ်ပါသည်။ ထိုသို့ဘဝခရီးအောင်မြင်ရန် ကြိုးစားရာတွင် ကျွန်တော်တို့၏အမြင်များကို ပြောင်းလဲကြရန် လိုအပ်ပါသည်။

အမြင်ကို ပြောင်းလဲကြရာတွင် “ငါမလုပ်နိုင်လောက်ဘူး၊ ငါတော့ ရှုံးမှာသေချာတယ်” ဟူသောအတွေးများကို “ငါလုပ်နိုင်ရမယ်၊ ငါအောင်မြင်ရမယ်” ဟူသောခံယူချက်အဖြစ် ပြောင်းလဲနိုင်ရမည်ဖြစ်သည်။ ကျွန်တော်တို့ဘဝတွင် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရပါသည်။ ထိုစိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန် အမြင်သစ်တစ်ခုကို မဖြစ်မနေကြိုးစား ပြောင်းလဲကြရန် လိုအပ်ပါသည်။

တစ်ခါတုန်းက ဖားတွေနေသောတိုင်းပြည်ကြီး တစ်ခုမှာ ပြိုင်ပွဲလေးတစ်ခု ကျင်းပကြလေသည်။ ထိုပြိုင်ပွဲကို အနယ်နယ်အရပ်ရပ်က ဖားမျိုးနွယ်စုတွေ အများအပြားဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲက ရိုးရိုးလေးပင်ဖြစ်သည်။ တောင်ကုန်းလေး တစ်ကုန်းရှိသည်။ ထိုတောင်ကုန်းထိပ်ဆုံးပေါ်သို့ တက်နိုင်သောဖားက နောက်ဆုံးအနိုင်ရသူဟု သတ်မှတ်ခြင်းခံရမည်ဖြစ်သည်။ သူ့ရဲကောင်းဖား တစ်ကောင်အဖြစ် ဂုဏ်ပြုခံရမည်ဖြစ်သည်။ သို့သော် ထိုတောင်ကုန်းပေါ် တက်မည့်လမ်းသည် အလွန်ချော နေသည့်အတွက် အောက်ကိုပြုတ်ကျပြီး ရှုံးချင်ရှုံး သွားနိုင်ပါသည်။ လမ်းကြောင်းကလည်း အောက်ကို ပြုတ်ကျရန်အတွက် အလားအလာပိုများနေသောကြောင့် တော်ရုံအနိုင်ရရန် မလွယ်ကူပေ။ ထို့ကြောင့် ပြိုင်ပွဲဝင်ဖားတွေက ဆင်ခြေပေးကြသည်။ “ဒီနေရာကို ဘယ်လိုလုပ်ပြီးတက်လို့ရမှာလဲ၊ အဲဒီလောက် ခက်ခဲနေရင်မပြိုင်ဘူးကွာ၊ ပြိုင်ပွဲကနေ လုံးဝနုတ်ထွက်တယ်ကွာ” ဟု ပြောဆိုကာ ပြိုင်ပွဲဝင်ဖား တချို့ ပြိုင်ပွဲကနေ နုတ်ထွက်သွားကြလေသည်။

သို့သော် တစ်ကောင်တည်းသောဖားမှာ ထိုတောင်ကုန်းပေါ်ကို တရွေ့ရွေ့လေး တက်ပြီး တောင်ထိပ်ဆီရောက်အောင် တက်ပြနိုင်ခဲ့သည်။ ထိုအခါ ပြိုင်ပွဲပုံစံကို သဘောမကျ၍ နုတ်ထွက်သွားကြသည့် ဖားတွေက တောင်ပေါ်တက်ပြသွားသောဖားကို ကြည့်ရင်း တအံ့တသြဖြစ်နေကြပါသည်။ “သူက ဘာကောင်မို့လဲ၊ ဘယ်လိုမှော်အစွမ်းတွေ တတ်ထားလို့လဲ..”စသည်ဖြင့် ဖားအချင်းချင်းကြားမှာ ဝေဖန်သံတွေ၊ ဆူညံသံတွေ ပွက်လောရိုက်ပြီး ပြောစရာစကားဖြစ်လာကြပါသည်။ ထိုအခါ တောင်ပေါ်ရောက်သွားသည့် ဖား၏အကြောင်းကို သိသော ဖားတစ်ကောင်က ဝေဖန်နေကြသည့် ဖားများကို “ကိုယ့်ကောင်တို့ရေ..အဲဒီဖားကမွေးရာပါ နားပင်းနေတာ၊ ခုနတုန်းက ငါတို့နုတ်ထွက်တာကို ဘာဖြစ်လို့နုတ်ထွက်မှန်း သူမသိလို့ အခုလိုအနိုင်ရသွားတာ၊ တကယ်လို့ သူသာနားကြားခဲ့မယ်ဆိုရင် အခုလိုတက်နိုင်မယ်မထင်ဘူးဗျ”ဟု ပြောလိုက်လေသည်။

ကျွန်တော်တို့ဘဝတွင် အပြုသဘောမဆောင်ဘဲ အပျက်သဘောဆောင်သည့် ဝေဖန်မှုပေါင်းစုံ ကြုံတွေ့နိုင်ပါသည်။ လူတွေက သူတို့မလုပ်နိုင်ဘူးလို့ ထင်သည့်အရာမှန်သမျှကို တခြားလူများလည်း မလုပ်နိုင်အောင် ဆွဲချတတ်သည့် အကျင့်ရှိနေတတ်ကြပါသည်။ ထို့ကြောင့် ဘဝတစ်ခုကိုထီးထီးမားမား ရှင်သန်ရပ်တည်ကြသည့်အခါ နားမကြားသည့် ဖားတစ်ကောင်ကဲ့သို့ ကျင့်သုံးသင့်သည်။ ထို့အပြင် မလိုအပ်သည့် ဝေဖန်ပြောဆိုသံများကိုလည်း မကြားချင်ယောင်ဆောင်ထားကြရန် လိုအပ်ပါသည်။ မည်သူ မည်သို့ ပြောသည်ဖြစ်စေ၊ မည်သည့်အရာကို လုပ်လုပ် ကိုယ်လုပ်စရာရှိသည့်အလုပ်ကို ဖြောင့်ဖြောင့်တန်းတန်း ရဲရဲဝံ့ဝံ့လုပ်ဆောင်ကြရန် အလွန်အရေးကြီးပါသည်။

ကျွန်တော်တို့ မည်သည့်အလုပ်ကိုမဆို ဇွဲရှိရန် လိုအပ်ပါသည်။ ဇွဲမရှိလျှင် အောင်မြင်မှုနှင့်လည်း ဝေးကွာနေကြမှာဖြစ်ပါသည်။ ကျွန်တော်တို့ကို စိန်ခေါ်လိုက်သည့် အလုပ်ဟူသမျှတို့ကို ဇွဲစိတ်နှင့်သာ ရင်ဆိုင်ကျော်ဖြတ်ကြရမှာဖြစ်ပါသည်။ တပည့်တစ်ယောက်နှင့်ဆုံစဉ်က “ကျွန်တော်အင်္ဂလိပ်စာ လေ့လာနေတယ်ဆရာ”ဟုပြောလာပါသည်။ “အခု ဘယ်အခြေအနေထိရောက်နေပြီလဲ”ဟု ကျွန်တော် မေးလိုက်သောအခါ တပည့်ဖြစ်သူပြုံး၍ “ကျွန်တော် တစ်ပတ်လောက် လေ့လာပြီး ပျင်းလို့ ဆက်မလေ့လာဖြစ်ဘူး”ဟုပြန်ဖြေပါသည်။ “ပျင်း၍ မလေ့လာဘူးဆိုရင် မင်းစိန်ခေါ်ထားတဲ့အလုပ်မှာ မင်းကျရှုံးသွားတာနဲ့အတူတူပဲ၊ ဘဝတိုးတက်ဖို့ စိန်ခေါ်မှုကို လက်ခံနိုင်ရမယ်၊ မင်းရဲ့အမြင်ကို ပြောင်းလဲနိုင်ရမယ်”ဟု ကျွန်တော်အကြံပေးခဲ့ပါသည်။ ယခုအခါ တပည့်ဖြစ်သူသည် အင်္ဂလိပ်စာကို ကောင်းမွန်စွာပြောဆိုတတ်နေပြီဖြစ်သည်။ ဤသည်ကား စိန်ခေါ်မှုကို လက်ခံကာ သူ၏အမြင်နှင့်ခံယူချက်ကို ပြောင်းလဲလိုက်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

“အခက်အခဲကြီးလေလေ ကျော်လွှားနိုင်တဲ့ ဂုဏ်ရည်ကြီးလေလေပဲ၊ ကျွမ်းကျင်တဲ့မာလိန်မှူးဆိုတာ သူ့ရဲ့ ကြိုးစားမှုကို လေပြင်းမုန်တိုင်းတို့ထံမှ ရရှိလာခြင်းပဲ”ဟု အက်ပီကူးရပ်စ်ဆိုသူက မိန့်ဆိုခဲ့ဖူးသည်။ ကျွန်တော်တို့ အခက်အခဲမည်မျှတွေ့ပါစေ ကြိုးစားခြင်းဖြင့် ရှေ့ဆက်ရန်တိုက်တွန်းထားခြင်းဖြစ်ပါသည်။ ကြိုးစားမှုမရှိလျှင် လေပြင်းမုန်တိုင်းထဲတွင် မာလိန်မှူး၏အသက် ဆုံးရှုံးရမည်သာဖြစ်ပါသည်။ မိမိစိတ်တွင် “ငါကြိုးစားနေသမျှ အရှုံးမရှိဘူး” ဟူသောခံယူချက်ကို ပြောင်းလဲထားကြရန် အထူးလိုအပ်ပါသည်။

ဘဝတွင် အရေးမပါသည့်ကိစ္စများကို အရာပေးမိလျှင် ဘယ်တော့မှအောင်မြင်မှုကို ရနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အရေးမပါသောကိစ္စမှန်သမျှ လုပ်ဆောင်နေခြင်းကို ရပ်တန့်လိုက်ကြရန် လိုအပ်ပါသည်။ မိမိ၏ မကောင်းမြင်တတ်သည့်အမြင်၊ ကြိုးစားလိုစိတ် ကင်းမဲ့သောအမြင်၊ ဇွဲမရှိသော အမြင်များကို ကောင်းသော၊ ကြိုးစားချင်သော၊ ခံယူချက်ကောင်းသောအမြင်သို့ ပြောင်းလဲကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## အပေါ်ယံ မျက်နှာဖုံး

✧ အပြုံးအတုတွေ
အသုံးပြုနေတဲ့ လူ့ကမ္ဘာ။
မုသားကို လှိုင်လှိုင်သုံး
ခုတုံးလုပ်လာ။
နှုတ်ဖျားက ပျားရည်ပမာ
စကားအရာ သကာလောင်း။
အယောင်ဆောင် ကျီးမိုက်မို့
စရိုက်မကောင်း။
✧ အလိမ်အညာ မာယာနှောလို့
စိတ်သဘော မဖြူစင်။
ပလီနေ ရက်စက်ဖို့
လှည့်ကွက်တွေဆင်။
ထောင်ချောက်သို့ မဝင်စေချင်
ဉာဏ်နှင့်ယှဉ် သတိထား။
မာယာရှင် ညွှတ်ကွင်းက
လွတ်ကင်းစေသား။
✧ လောကမှာ အကြောင်းအကျိုး
အကောင်းအဆိုး သိရမယ်။
ဟန်ဆောင်နေ ဉာဏ်ကစား
လှည့်ဖြားဖို့ကွယ်။
အတုအစစ် ကွာခြားတယ်
သိဖို့ရယ် သေချာတွေး။
အပေါ်ယံ မျက်နှာဖုံးမို့
အပြုံးနှင့်ဝေး။ ။

ခင်နွဲ့မူ (ပုလဲ)

## ပညာအစွမ်း အံ့မခန်း

❒ ဓားတစ်လက်
အသွားထက်ဖို့ လိုပါမယ်။
အမြဲလေ သွေးယူမှ
ဖွေးဖြူရတယ်။
ဓားထက်တော့ ခုတ်ရလွယ်
လုပ်သမျှရယ် အထမြောက်။
ချုံနွယ်တွေ ရှင်းလင်းပြီးလို့
ခရီးပိုရောက်။
❒ ကျောက်တစ်ပွင့်
ထောက်ချင့်လို့ အဖြေရှာ။
သူ့ပင်ကို အရည်ရှိ
ပကတိပါ။
သွေးလိုက်တဲ့ အခါမှာ
ပိုလို့သာ အရောင်တောက်။
နဂိုနေ ရှိရင်းထက်ကို
လင်းလက်လို့ပေါက်။
❒ လူတစ်ယောက်
ထွန်းတောက်ဖို့ ပညာသင်။
အချိန်ကို အကျိုးရှိရှိ
သုံးကြည့်ဖို့ပင်။
ဗဟုသုတ ကြွယ်ဝလျှင်
ဘဝတွင် အမြင့်ရောက်။
ပညာဂုဏ် တန်ဖိုးကြီးလို့
ဘုန်းမီးတွေတောက်။ ။

ဖိုးပြည့် (ပတ္တမြား)

# မြစ်ကြီးနားမြို့၌ ၂၀၂၅ ခုနှစ် ပြည်နယ်အဆင့် သတ္တမအကြိမ်မြောက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြစ်ကြီးနား ဇွန် ၂၈

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ၂၀၂၅ ခုနှစ် ပြည်နယ်အဆင့် အဋ္ဌမအကြိမ်မြောက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇နာရီခွဲက မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းလမ်းပေါ်၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို ပြည်နယ်အဆင့် သတ္တမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး အားကစားနှင့် ကာယပညာသိပ္ပံကျောင်း လျှာထားမြေနေရာသွားလမ်းမပေါ်ရှိ လမ်းဘေးဝဲ/ယာတို့တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ဆရာဆရာမများနှင့် သင်တန်းသူများ၊ မော်ဖောင်းကျေးရွာမှ ပြည်သူများက မန်ကျည်းပင် ၃၅၀ နှင့် ပျဉ်းကတိုးပင် ၃၅၀ စုစုပေါင်းပျိုးပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအဖြစ်ကိုးကြိမ်အထိ ကျင်းပသွားမည်ဖြစ်ကာ သတ္တမအကြိမ်အထိ စုစုပေါင်းအရိပ်ရအပင်ကြီးမျိုး ၆၀၄၄ ပင်ကို စိုက်ပျိုးထားနိုင်ခဲ့ပြီး မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့နှင့် ပြည်သူများထံသို့ ပျိုးပင်ပေါင်း ၂၅၈၆ ပင်ကို ဖြန့်ဝေစိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# စခန်းဝင်အားကစားသမားများအတွက် အာဟာရပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇွန် ၂၈

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် အားကစားသမားများ အတွက် လိုအပ်သော Sports Nutrition အာဟာရပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၆ ရက်ညနေပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများ၊ အုပ်ချုပ်သူများ၊ နည်းပြများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အားကစားသမားများ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများပြုလုပ်ပြီးချိန်တွင် ကုန်ခန်းသွားသည့် အင်အားများကို ပြန်လည်ဖြည့်တင်းပေးရန်နှင့် လိုအပ်သည့် Sports Nutrition အာဟာရပိုင်းဆိုင်ရာများ၌ ထိထိရောက်ရောက်အားဖြည့်ကျွေးမွေးစေလိုကြောင်းနှင့် အာဟာရပြည့်ဝအောင် ထပ်မံကျွေးမွေးသင့်သည့်ပုံစံနှင့် အစားအစာများကို အသေးစိတ်ဆွေးနွေးပြောကြားသည်။

ထို့နောက် အုပ်ချုပ်သူ၊ နည်းပြများက အားကစားနည်းအလိုက် ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ထပ်မံဖြည့်စွက်ဆွေးနွေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် မိုးလယ်ကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**၂၀၂၅ ခုနှစ် မိုးလယ်ကာလ သတ်မှတ်ခြင်း**

၂၀၂၅ ခုနှစ် မိုးလယ်ကာလသည် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်နေ့မှ တော်သလင်းလဆန်း ၉ ရက်နေ့) အထိဖြစ်ပါသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

